DW AKADEMIE မှ ၂၀၁၉ ခုနှစ်တွင်တည်းဖြတ်ထုတ်ဝေသည်။



# သတင်းထူးတစ်ပုဒ် ထုတ်ဝေပြီးနောက်

## စုံစမ်းထောက်လှမ်းသတင်းအတတ်ပညာသည် မီဒီယာအပေါ်မည်မျှအထိအကျိုးသက်ရောက်မှုရှိပုံ

ကမ္ဘာတစ်ဝှမ်းမှ ဖြစ်ရပ်မှန်လေ့လာမှုများ

DW Akademie

*Made for minds.*

# သတင်းထူးတစ်ပုဒ် ထုတ်ဝေပြီးနောက်

# စုံစမ်းထောက်လှမ်းသတင်းအတတ်ပညာသည် မီဒီယာအပေါ်မည်မျှအထိအကျိုးသက်ရောက်မှုရှိပုံ

## ကမ္ဘာတစ်ဝှမ်းမှ ဖြစ်ရပ်မှန်လေ့လာမှုများ

Supported by the

Federal Ministry
for Economic Cooperation
and Development

## ထုတ်ဝေမှု

**ထုတ်ဝေသူ**
Deutsche Welle
53110 Bonn
Germany

**တာဝန်ယူသူ**
Petra Berner
Carsten von Nahmen

**အယ်ဒီတာ**
Petra Aldenrath
Nadine Jurrat
Attila Mong

**စာတမ်းရှင်များ**
Mercy Abang
Helene Bienvenue
Lynzy Billing
Francesca de Châtel
Renata Galf
María Martín
Filip Rudič
Soha Tarek
Zaky Yamani

**စာအုပ်ဖုံး**
Andeel

**ထုတ်ဝေချိန်**
August 2019

© DW Akademie

“သတင်းထူးတစ်ပုဒ် ထုတ်ဝေပြီးနောက် | စုံစမ်းထောက်လှမ်းသတင်းအတတ်ပညာသည် မီဒီယာအပေါ်မည်မျှအထိအကျိုးသက်ရောက်မှုရှိပုံ | ကမ္ဘာတစ်ဝှမ်းမှ ဖြစ်ရပ်မှန်လေ့လာမှုများ” © 2020 Deutsche Welle မှ မူပိုင်သည်။ Mercy Abang, Helene Bienvenue, Lynzy Billing, Francesca de Châtel, Renata Galf, María Martín, Filip Rudič, Soha Tarek, Zaky Yamani တို့မှ ရေးသားပြုစုပြီး Deutsche Welle မှ ၂၀၁၉ တွင် ထုတ်ဝေသည့် “After the scoop: How investigative journalism affects media – Case studies from around the world” အပေါ် အခြေပြုသည်။ ဘာသာပြန်ခြင်းနှင့် တည်းဖြတ်ခြင်းကို Moe Thida Htwe, Khin Thuzar နှင့် Soe Sandar Oo, Soe Soe Htoon, David Lian တို့မှ ဆောင်ရွက်သည်။

## မာတိကာ


**အယ်ဒီတာ့အာဘော်** 4

**နိဒါန်း** 6

**အာရှ** 10

ရပ်ပလာ — ဖိလစ်ပိုင် 11

တမ်ပို — အင်ဒိုနီရှား 18

**အကျဉ်းချုပ်** 24

# အယ်ဒီတာ့အာဘော်

အယ်ဒီတာ့အာဘော်

# လွတ်လပ်စွာထုတ်ဖော်ပြောဆိုရန် မိမိကိုယ်ကိုနှစ်မြှုပ်ထားသူများကို အားပေးထောက်ခံခြင်း

မကြာသေးမီက ကင်ညာနိုင်ငံသို့သွားသည့်ခရီးစဉ်အတွင်း သတင်းစုံစမ်း ထောက်လှမ်းရေးဆရာ John-Allan Namu နှင့် truest sense ၌ တွေ့ဆုံ ခဲ့သည်။ ၎င်းသည် သူ၏လုပ်ဖော်ကိုင်ဖက်များနှင့်အတူ ဆူဒန်နိုင်ငံတောင်ပိုင်း စစ်ပွဲတွင် အရှေ့အာဖရိက အထက်တန်းလွှာများ၏လျှို့ဝှက်ကြံစည်မှုများ အကြောင်းကိုသုတေသနပြုခဲ့ကြသည်။ သူသည် အချက်အလက်များရရှိနိုင် သလောက်ရနိုင်ရန် ကြိုးစားနှိုက်ထုတ်၍ သတင်းပေးသူများနှင့် တွေ့ဆုံ ပြောဆိုပြီးနောက် အောက်ခြေပိုင်းအထိကြည့်ရှုရန်အတွက် စတင်ဆောင် ရွက်ခဲ့သည်။ ထိုသုတေသနလုပ်ငန်းမှ နိုင်ငံရေးသမားများနှင့် စီးပွားရေး သမားများက ဆူဒန်နိုင်ငံတောင်ပိုင်း၏ပိုင်ဆိုင်မှုကို ၎င်းတို့၏အိပ်ကပ်အတွင်းသို့ မည်သို့ကဲ့ယူခဲ့ကြသည်ကို ဖော်ထုတ်နိုင်ခဲ့သည်။ John-Allan နှင့် အဖွဲ့၏ စုံစမ်းထောက်လှမ်းမှုများသည် ကြီးမားသည့်တုန့်ပြန်မှုကိုအစပျိုးခဲ့ပြီး ဗီဒီယို မှတ်တမ်း ၃ ခု၊ အာဖရိကန်အကျိုးပြုပါလီမန်နှင့် ဗြိတိသျှအောက်လွှတ်တော် တို့၏ဆွေးနွေးခန်းများ၊ ပါဝင်ပတ်သက်ခဲ့သည့် တောင်ဆူဒန် နိုင်ငံရေး သမားအား ထုတ်ပယ်ခြင်း စသည်တို့ကို ကြည့်ရှုသူ (၆၀၀ ၀၀၀) ကျော်ရှိခဲ့သည်။ နိုင်ရိုဘီနှင့်ကင်ညာနိုင်ငံ သားတို့သည် မသမာမှုတွင်ပါဝင်သည့်ဘဏ်များအား လမ်းမသို့ထွက်၍ ဆန္ဒပြခဲ့ကြသည်။

John-Allan Namu ကဲ့သို့သတင်းစာဆရာများနှင့် ၎င်းတို့လုပ်ကိုင်နေသည့် မီဒီယာများသည် ဒီမိုကရေစီစံနစ်တွင် ဩဇာအာဏာရှိသူများ တာဝန်ခံမှုရှိစေရန် အတွက်မရှိမဖြစ်အရေးပါသည့်အခန်းတွင် ပါဝင်ကြသည်။ စုံစမ်းထောက်လှမ်း ရေးမီဒီယာသည် အဂတိလိုက်စားသောအရာရှိများ သို့မဟုတ် လူ့အခွင့် အရေးချိုးဖောက်မှုများအပေါ် သာမီးမောင်းထိုးပြနေသည်မဟုတ်။ ထပ်မံ၍ အရေးအကြီးသည့်အချက်အနေနှင့် သာမာန်ပြည်သူများအကြား ၎င်းတို့ လိုလားတောင့်တနေကြသည့် နေထိုင်မှုစံနှုန်းများအကြောင်း စတင်ဆွေးနွေး လာကြစေရန် ကူညီပေးသည်။

ထိုအချိန်များအတွင်း “သတင်းအတု” ဟူသည့် ဝေါဟာရသည် ကျွန်ုပ်တို့ နေ့စဉ်သုံးအကျွမ်းတဝင်ဖြစ်လာသည့် ဘာသာစကားဖြစ်လာပြီး လူအများစုတို့က မည်သူ့ကို၊ မည်သည့်အကြောင်းအရာကို ယုံကြည်ရမည်ကို မရေမရာဖြစ်လာကြသည်။ စိတ်ကူးယဉ်ဇာတ်လမ်းဆန်ဆန်ရေးသား ခြင်းမှ အချက်အလက်သို့ ခွဲထုတ်ရေးသားရန် ကြံရွယ်သူများက ကျွန်ုပ်တို့အား အရည်အသွေးပြည့်ဝသည့် သတင်း အတတ်ပညာသည် လူ့အဖွဲ့အစည်းတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ မည်သို့ပါဝင်သည်ကို ပြန်လည်အမှတ်ရစေသည်။ DW Akademie တွင် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ ယေဘုယျအားဖြင့် အရည်အသွေးပြည့်ဝသည့် သတင်းအတတ် ပညာဖြစ်လာစေရန် နှင့် အထူးသဖြင့် စုံစမ်းထောက်လှမ်းသတင်းအတတ်ပညာ ရှင်သန်တိုးတက် လာစေရန်ဖြစ်သည်။ သို့မှသာပြည်သူများသည် ၎င်းတို့၏နေ့စဉ်ဘဝတွင် မှန်ကန်သောအသိနှင့် ဆုံးဖြတ်ချက်များချမှတ်နိုင် မည်ဖြစ် သည်။

သို့သော် ကျွန်ုပ်တို့လုပ်ငန်းများလည်ပတ်နေသည့် နိုင်ငံအများစုတွင် အခြေခံ နည်းလမ်းများနှင့် ဗဟုသုတများ ပျောက်ဆုံးနေသည် – နိုင်ငံရေးမူဘောင်များသည် မသမာမှုများကိုရှာဖွေဖော်ထုတ်သူများအား ထောက်ခံမှုမရှိ၊ မီဒီယာအဖွဲ့အစည်း များသည် ကောင်းမွန်သော သတင်းအတတ်ပညာများရှင်သန်လာစေရန် အတွက် ငွေနှင့်အချိန်ကို မြှုပ်နှံလိုခြင်းမရှိ။ ကံအားလျော်စွာြဖင့် စုံစမ်းထောက်လှမ်း သတင်းစာဆရာတစ်ဦး အဖြစ်လုပ်ကိုင်ခြင်းသည် သင့်အတွက် ကျော်ကြားမှုရရှိ စေမည်မဟုတ်၊ ဘဝနောင်ရေးကို သေချာစေမည်မဟုတ်ပေ။ ၎င်းအစား ဩဇာအာဏာရှိသူများထံမှ ဖိအားများသာ တိုးတက်ခံစားရမည်ဖြစ်သည်။ တစ်ခါတစ်ရံ မီဒီယာအဖွဲ့အစည်းများ သို့မဟုတ် ၎င်းတို့အား ငွေကြေးထောက်ပံ့ ပေးသူများသည် ထိုသို့ဖိအားပေးခံရမည့်အရေးကို ဓားခုတ်ရာ လက်ဝင်လျှိုမည် မဟုတ်။ ရလဒ်မှာ စုံစမ်းထောက်လှမ်းသတင်းစာဆရာများ အလုပ်ဖြုတ်ခံရနိုင်ပြီး တခါတရံ ၎င်းတို့၏ဘဝတွင် လွတ်လပ်မှုနှင့်အသက်ကိုပင် ဆုံးရှုံးရနိုင်သည်။

ထိုအခြေအနေကိုပြောင်းလဲပစ်ရန် ကျွန်ုပ်တို့အနေဖြင့် အတတ်နိုင်ဆုံးဆောင်ရွက် သွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ချဉ်းကပ်ပုံနည်းလမ်းသည် ကျွမ်းကျင်မှုများ ဝေမျှပေးရန်ဖြစ်သည် – သတင်းအတတ်ပညာနှင့် ပတ်သက်သည့်စွမ်းရည်များကို သင်ကြားပေးယုံသာမက လွတ်လပ်စွာထုတ်ဖော်ပြောဆိုရန် ရည်စူးထားသူ များအားထောက်ပံ့ပေးရေးနှင့် ပြောင်းလဲမှုမြန်ဆန်၍ စိန်ခေါ်မှုများသော ပတ်ဝန်းကျင်တွင် ပိုမိုရပ်တည်နိုင်သည့် အရည်အသွေးမြင့်မားသော မီဒီယာအဖြစ် မြှင့်တင်ပေးမည့် နည်းလမ်းသစ်အား ရှာဖွေရန်ဖြစ်သည်။ ဤချဉ်းကပ်မှု နည်းလမ်း၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများ အကြားဖလှယ်မှုဖြစ်ပြီး – ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများမှ သတင်းထောက်များနှင့် မီဒီယာ ပိုင်ရှင်များသည် ၎င်းတို့၏အတွေ့အကြုံများကိုဝေမျှ၍ ၎င်းတို့ ဒေသအလိုက် အသုံးချနိုင်ချေရှိသည့် ဖြေရှင်းနည်းများကို ဆွေးနွေးကြခြင်း ဖြစ်သည်။

ဤစာအုပ်သည် စုံစမ်းထောက်လှမ်းမီဒီယာများအတွက် မီဒီယာရှင်သန်နိုင်ရေး ကိစ္စ ဆွေးနွေးရန် အသုံးဝင်မည့်နည်းလမ်းတစ်ရပ်ဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများမှ မီဒီယာများကို လှုံ့ဆော်ပေးရန်အတွက် အထောက်အကူဖြစ်မည် ဖြစ်ပါသည်။



**ကာစတန် ဗွန် နားမန်း၊** အကြီးအကဲ၊ DW Akademie

# နိဒါန်း


FPA
PREMIUM Times
mada
ATLATSZO
KRIK
PzP
Publica
TEMPO
RAPPLER

နိဒါန်း

# မျှော်လင့်ခြင်းခရီးတစ်ခု

ကျွန်ုပ်တို့အနေနဲ့ စုံစမ်းထောက်လှမ်းမှုများကို အမှန်တကယ် ပိုမိုလုပ်ဆောင်လိုပေမဲ့ အသုံးစရိတ်များကို အချိန်မီရှင်းပေးနိုင်ရန်ရုန်းကန်နေရတဲ့အချိန်မှာ၊ တစ်ဘက်က လည်း ဒါဟာ စီးပွားဖြစ်နိုင်ကြောင်းကို မီဒီယာပိုင်ရှင်များ ယုံကြည်အောင် ဘယ်လိုပြမလဲ။ စုံစမ်းထောက်လှမ်းခြင်းကြောင့် ဩဇာကိတ္တိမကြီးမားတဲ့ ကုမ္ပဏီကြီး များနှင့် နိုင်ငံရေး အထက်တန်းလွှာများကို သူတို့ရဲ့ဝင်ငွေလမ်းကြောင်းများ ပိတ်သွားစေတဲ့နိုင်ငံမျိုးမှာ ဝင်ငွေနှင့်ထွက်ငွေ ကိုက်ညီအောင် ဘယ်လို လုပ်ဆောင်နိုင်မလဲ။ ဒါဟာ DW Akamedie အနေနှင့် ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံ များရှိ အယ်ဒီတာများ ထံမှ ကြားနေရသော မေးခွန်းများဖြစ်ပါတယ်။

စုံစမ်းထောက်လှမ်းရေးသတင်းအတတ်ပညာသည် အများပြည်သူအကျိုးစီးပွား အတွက် ဆောင်ရွက်ခြင်းဖြစ်သည်။ ၎င်းတို့သည် ဥပဒေပြုရေးနှင့် နိုင်ငံရေး ငြင်းခုံဆွေးနွေးမှုများတွင် အပြောင်းအလဲများဖြစ်စေနိုင်ပြီး သာမာန် ပြည်သူလူထု၏ နေ့စဉ်ဘဝများအပေါ် အကျိုးသက်ရောက်မှုများလည်းရှိစေသည်။ ဤသည်ကို မကြာသေးမီနှစ်များအတွင်းက သုတေသနစာတမ်း အများအပြားက သက်သေပြ လျှက်ရှိသည်။ ယခုချိန်ထိ အလေးမထားခံရသေးသည့် အချက်မှာ – အောင်မြင်သည့် စုံစမ်းထောက်လှမ်းသတင်းပညာမှ မီဒီယာလုပ်ငန်းများအပေါ် – ၎င်းတို့၏ သတင်းခန်း ဖွဲ့စည်းပုံ၊ စီးပွားရေးအစီအစဉ်များ၊ ၎င်းတို့၏ဝန်ထမ်းများ သို့မဟုတ် အယ်ဒီတာအဖွဲ့ အတွက်လုံခြုံရေးနှင့်သာယာဝပြောမှုများ – စသည်တို့အပေါ် အကျိုးသက်ရောက်မှု ဖြစ်သည်။

ကန့်သတ်ချုပ်ချယ်မှုပေးသည် စာနယ်ဇင်းဥပဒေများ၊ နိုင်ငံတော်အကြီးအကဲများက မီဒီယာများအပေါ် ရန်လိုသည့်စကားများ၊ အစိုးရကကြော်ငြာဝင်ငွေဘတ်ဂျက်ကို အကြီးစားထိန်းချုပ်ခြင်းတို့သည် ကမ္ဘာတစ်ဝှမ်းရှိ အရေအတွက်တိုးပွားလာသော မီဒီယာအဖွဲ့အစည်းများ အမှန်တကယ်ကြုံတွေ့နေရသည့်အရာများ ဖြစ်လာကြသည်။ 'စစ်မှန်သော' ဒီမိုကရေစီနိုင်ငံများ၌နေထိုင်သူများပင် နည်းပညာကုမ္ပဏီကြီး များနှင့်အပြိုင် အွန်လိုင်းပေါ်မှကြော်ငြာအားကောင်းလာရန်အတွက် နည်းလမ်းရှာဖွေ ရန်ကြိုးပမ်းနေကြရင်း၊ ကြော်ငြာတစ်ခုတည်းဖြင့်ရှင်သန်ရန် မဖြစ်နိုင်တော့ကြောင်း နောက်ဆုံး၌ ပိုမိုခိုင်မာစွာ ယုံကြည်လာကြသည်။ အချုပ်အားဖြင့်ဆိုသော် လွတ်လပ်သောမီဒီယာများအတွက် နေရာကျဉ်းမြောင်းလာချိန်တွင် အရည်အသွေး ပြည့်ဝသည့်သတင်းအတတ်ပညာသည် ပိုမိုအဖိုးတန်လာပြီး ရှုပ်ထွေးလာသည်။ ဤအချက်ကြောင့် စီးပွားရေးပုံစံများ၊ တခါတရံ အယ်ဒီတာ၏ဦးစားပေးအချက်နှင့် သတင်းအတတ်ပညာအရည်အသွေးပိုင်းများတွင် ကျဆင်းမှုများရှိနေသည်။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့ DW Akademie သည် ရေရှည်လည်ပတ်နိုင်ရန် ရန်ပုံငွေများလိုအပ်မည်မှာ သံသယဖြစ်စရာ မရှိသော်လည်း မီဒီယာရှင်သန်မှုသည် ငွေထက်မက အရေးကြီးကြောင်း ယုံကြည်သည်။ အကယ်၍ မီဒီယာ ထုတ်လွှင့်မှုတွင် တိကျသည့်နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေများကို ထည့်သွင်းစဉ်းစားရန် လစ်လျူရှုမည်ဆိုပါက အကောင်းဆုံးဘဏ္ဍာရေး စီမံခန့်ခွဲမှုကို ရရှိမည်မဟုတ်ပေ။ ဆိုလိုသည်မှာ အယ်ဒီတာအဖွဲ့သည် မိမိ၏ ပုံမှန်စာဖတ်သူအသိုက်အဝန်းကို တည်ဆောက်ရန်၊ သတင်းအတတ်ပညာ၊ ဈေးကွက်ရှာဖွေရေးနှင့် အခြားသော ကဏ္ဍများ၌ အကောင်းဆုံးစွမ်းဆောင်ရည်ရှိသူများကို ဆွဲဆောင်နိုင်ရန် နည်းလမ်းများ ရှာဖွေသင့်သည်။ ၎င်းတို့အနေဖြင့် ပိုမိုထိရောက်စေရေး၊ လုံခြုံမှုမြှင့်တင်ရေးနှင့် မီဒီယာလွတ်လပ်မှုအား ကန့်သတ်ချက်များအား ကျော်လွှားနိုင်ရေးအတွက် နည်းပညာများကို အသုံးပြုရပါမည်။ ထိုအရာတို့သည် မီဒီယာ အားလုံးအတွက် မှန်ကန်သည်ဆိုသော်လည်း အထူးသဖြင့် – ဥပမာ၊ ဒေသဆိုင်ရာ ဆေးရုံများကို မည်သည့်အတွက်ကြောင့်ပြုပြင်မှု မရှိခြင်း၊ သမ္မတတစ်ဦးသည် အခွန်ထမ်းများ၏ ငွေကြေးများကို ပုဂ္ဂိုလ်ရေးဇိမ်ခံမှုအတွက် မည်သို့သုံးစွဲနေခြင်း စသည့် – အဂတိ လိုက်စားမှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများအား အလေးထားဖော်ပြသည့် မီဒီယာများအတွက် အလွန်အရေးကြီးသည်။

သို့သော် သတင်းကောင်းများလည်း ရှိပါသေးသည် – အခက်အခဲဆုံးသော အခြေအနေများ၌ပင် အံ့ဖွယ်များစွာသော စုံစမ်းထောက်လှမ်းသည့်မီဒီယာဌာန များသည် ရှင်သန်ရပ်တည်နိုင်ပြီး ၊ ကြီးထွားတိုးတက်လာအောင် ဆောင်ရွက်နိုင်ခဲ့ သည်။ ဆက်လက်ဖော်ပြမည့်စာမျက်နှာများ၌ အာဏာရှင်များ၊ အဂတိလိုက်စားသည့် ခေါင်းဆောင်များနှင့် အလားတူပုဂ္ဂိုလ်များသည် ၎င်းတို့ပြုခဲ့သည့်အမှုများမှ ပြေးလွတ်လိမ့်မည် မဟုတ်ကြောင်း သက်သေပြရင်း ထိုနယ်ပယ်အတွက် မျှော်လင့်ချက်ရောင်ခြည်သဖွယ် အလုပ်လုပ်ကိုင်နေကြသော စုံစမ်းထောက်လှမ်းရေး ဆိုင်ရာသတင်းဌာနများနှင့် သတင်းထောက်များအကြောင်းကို ဝေဝေဆာဆာ ဖတ်ရှုရမည် ဖြစ်ပါသည်။ ၎င်းတို့သည် စစ်မှန်သောသတင်းအတတ်ပညာစိတ်ဓာတ်ကို လက်ကိုင်ထားခြင်း၊ အယ်ဒီတာစံချိန်စံညွှန်းများကို ထိန်းသိမ်းခြင်းဖြင့် ဒေဝါလီ မခံရ ကြောင်း သက်သေပြနိုင်ရာ သတင်းအတတ်ပညာ၏ အနာဂတ် မျှော်လင့်ချက်ကိုလည်း ပေးစွမ်းနိုင်ပါသည်။ အမှန်တကယ်ပင် ထိုသို့သော မီဒီယာဌာနများတည်ရှိနိုင်သည် – တစ်ခါတစ်ရံ၌ ရှင်သန်ကြီးပွားမှုပင်ရှိစေနိုင်သည် – ဟူသည့် အချက်များက သတင်းလောကတွင် အလားတူစိန်ခေါ်မှုများကို ရင်ဆိုင်နေရသူများအားလုံးအတွက် အငြင်းပွားမှုကိုဖြစ်စေပါသော်လည်း၊ ထိုစံနမူနာများက ၎င်းတို့အတွက် စိတ်ဓာတ် ခွန်အားကိုဖြစ်ပေါ်စေသည်။

စုံစမ်းထောက်လှမ်းသတင်းအတတ်ပညာသည် ဒေသတွင်း လူမှုရေးဆိုင်ရာ ငြင်းခုံဆွေးနွေးမှုများကို ပြောင်းလဲနိုင်ကြောင်း၊ မူဝါဒပြောင်းလဲမှုများကို ဖြစ်ပေါ်စေကာ အသံမဲ့နေသူများအတွက်အသံဖြစ်စေ၍ လူသိမများသော၊ တင်ပြလေ့မရှိသော သတင်းများကို ချပြပေးနိုင်ကြောင်း ၎င်းတို့ကသက်သေပြနေပါသည်။ သူမ၏ ကလောင်သွားဖြင့် အလိုအပ်ဆုံးသော သူများအတွက်သာရေးသားပေးသည့် လိုင်ဘေးရီးယားနိုင်ငံ Front Page Africa မှ Mae Azango ကဲ့သို့ဖြစ်သည်။ "ကျွန်မရဲ့ကလောင်စွမ်းအားနဲ့ နိုင်ငံရေးသမားတွေရဲ့ အိပ်တွေဖောင်းအောင်သာ လုပ်ပေးနိုင်လို့ သူတို့တွက်တော့ ကောင်းပါတယ်။ ဒီလိုပဲ ကျွန်မရဲ့ကလောင်သွားဟာ ကလေးငယ် အဓမ္မပြုကျင့်ခံရလို့ ငိုကျွေးနေသည့်မိခင်အမျိုးသမီးတစ်ဦးအတွက်လည်း အကျိုးရှိပါတယ်။ ကျွန်မရဲ့ ကလောင်သွားဟာ မတရားမှုကိုဆန့်ကျင်ရာမှာထက်မြက်ပြီး (----)ကျွန်မရဲ့ ကလောင်သွားဟာ လူ့အဖွဲ့အစည်းရဲ့အားနည်းချက်တွေကိုထောက်ပြ ရာမှာလည်း ထက်မြက်ကောင်းမွန်ပါတယ်။" ဟုသူမ ကဆိုသည်။ လိုင်ဘေးရီးယားနိုင်ငံတွင် Front Page Africa သည် အမျိုးသမီး လိင်အင်္ဂါ ဖြတ်တောက်ခံရခြင်းကို တွေ့ကြုံခံစားခဲ့ရသည့် အမျိုးသမီးများ၏ဆင်းရဲဒုက္ခကို ပထမဆုံးအကြိမ် မီးမောင်းထိုးပြခဲ့ပြီး အားနည်းသူများ၊ ဖိနှိပ်ခံရသူများအနေနှင့် ၎င်းတို့၏ရေးသားတင်ပြခြင်းမပြုရသေးသည့် သတင်းကို သူမထံ လာရောက် ပြောပြ နိုင်ကြောင်း Azango က အတိအလင်း သိစေခဲ့သည် ။ထိုသတင်းဌာနများသည် အန္တရာယ်ရှိစေကာမူ လျှို့ဝှက်ချက်များကို ချန်မထားဘဲ

> “ ထိုသို့သောအကြောင်းများကြောင့် ကျွန်ုပ်တို့ DW Akademie အနေဖြင့် မီဒီယာရှင်သန်နိုင်စွမ်းအတွက် ငွေကြေးအပြင်အခြား အကြောင်းအရာ များလည်းရှိကြောင်းယုံကြည်သည်။

စုံစမ်းထောက်လှမ်းမှုများကို မဆုတ် မနစ်လုပ်ဆောင် ကြသည်။ ဆားဗီးယားနိုင်ငံ၏ KRIK သတင်းဌာနကဲ့သို့ သတင်းစာဆရာများအား လိုက်လံစောင့်ကြည့်ခံရခြင်း၊ အွန်လိုင်းပေါ်မှ မကောင်းသတင်းဖြန့်ခြင်း၊ ၎င်းတို့၏ နေအိမ်နှင့် ရုံးခန်းများ ဖျက်ဆီးခြင်းခံရလျှင်ပင် နိုင်ငံရေးနှင့် ရာဇဝတ်မှုအကြား ဆက်နွယ်မှုကို ဖော်ထုတ် ရေးသားကြသည်။ အဂတိလိုက်စားခြင်းကိုတိုက်ဖျက်သည့် ၊ အလျှော့အတင်းမရှိသည့် ဤသတင်းဌာနမျိုး တွင် ကြော်ငြာကို အနည်းဆုံး သို့မဟုတ် လုံးဝမထည့်သလောက် ရှိပါသည်။ ထို့အပြင် ၎င်းသည် ခြိမ်းခြောက်မှု အန္တရာယ်ကို ဆွဲဆောင်နေသကဲ့သို့ ဖြစ်လေရာ၊ အဖွဲ့အတွက် လုံခြုံရေး အသုံးစရိတ် တိုးမြှင့်ရန်နှင့် စွမ်းဆောင်ရည်များကို ပိုမိုမြှင့်တင်ပေးရန် လိုအပ်ပါသည်။ သို့သော်၎င်းသည် သတင်းများကိုမဆုတ်မနစ် ဖော်ပြပေးသည့်အတွက် ငွေကြေးထည့်ဝင်ရန် အသင့်ရှိသည့် သစ္စာရှိသော ပရိတ်သတ် ကိုရရှိနိုင်ပါသည်။

၎င်းတို့သည် သတင်းအကြောင်းအရာကိုရေးသားတင်ပြရာ၌ ဆွဲဆောင်မှုရှိသော နည်းလမ်းသစ်များကိုရှာဖွေကြသည်။ ဆောင်းပါးများနှင့်အတူ ထိရှသော၊ ရယ်စရာ ရုပ်ပြကာတွန်းများနှင့် သရုပ်ဖော်ပုံများကို ရေးသားဖော်ပြသည့် အီဂျစ်နိုင်ငံမှ Mada Masr ကဲ့သို့သော သတင်းဌာနမျိုးဖြစ်ပါသည်။ လူငယ်များနှင့် လူမှုမီဒီယာ အသုံးများသည့် အုပ်စုအသစ်များကိုဦးတည်၍ ပရိတ်သတ်တိုးပွားလာအောင် ဆောင်ရွက်ခြင်းဖြင့် သတင်းဌာနများသည် ကြော်ငြာရှင်များအတွက် ပိုမိုဆွဲဆောင်မှု ဖြစ်စေပြီး ၎င်းတို့၏ ရေရှည်ရှင်သန်နိုင်မှု အခွင့်အလမ်းများတိုးပွား လာစေသည်။

၎င်းတို့သည် ဆန်းသစ်တီထွင်ရာ၌ နည်းပညာကိုမည်သို့မည်ပုံအသုံးပြုရ မည်ဆိုသည့် နမူနာများ ကိုပြသသည်။ ဟန်ဂေရီမှ Atlatszo ကဲ့သို့သော ဟန်ဂေရီ နိုင်ငံရေး သမားများနှင့် အစိုးရအာဏာရှိသူလူနည်းစု၏ ပုဂ္ဂလိက ဂျက်လေယဉ် နှင့် ရွက်လှေ ခရီးစဉ်တို့အား မောင်းသူမဲ့ယာဉ်ဖြင့် ထောက်လှမ်းကာ ဝေဟင်ပုံရိပ်များနှင့် အချက် အလက်များ ပေါင်းစပ်ရယူခြင်းမျိုးဖြစ်သည်။

> **“အဆိုပါအစီအစဉ်ထုတ်လွှင့်သည့် သတင်းဌာနများသည် အခြား မီဒီယာများနှင့်ပူးပေါင်း၍ အခြားသူများအားလှုံ့ဆော်ပေးကာ မိမိတို့၏ သတင်းတင်ဆက်မှု အရည်အသွေးအလုံးစုံကိုမြှင့်တင်လျှက် ပတ်ဝန်းကျင်ရှိ မီဒီယာအခင်းအကျင်း အပေါ် တဖြည်းဖြည်း သက်ရောက်စေမည် ဖြစ်သည်။**

၎င်းတို့အများစုသည် သေးငယ်သော မီဒီယာအဖွဲ့အစည်းများဖြစ်ကြသဖြင့် ဈေးကွက်၏ အဖျားအနား၌သာလည်ပတ်နေရပြီး ၎င်းတို့၏ တီထွင်ဆန်းသစ်မှု နှင့် နည်းပညာတို့ ပေါင်းစပ်ကာ စုံစမ်းထောက်လှမ်းမှုများပြုလုပ်ခြင်းက ၎င်းတို့၏ပြိုင်ဘက်များနှင့်မတူကွဲပြားသည့်နည်းလမ်းဖြစ်သည်။ အဆိုပါ သတင်းမီဒီယာများသည် အခြားမီဒီယာများနှင့် ပူးပေါင်း၍ အခြားသူများအား လှုံ့ဆော်ပေးသည့်အပြင် အရည်အသွေးပြည့်ဝစွာတင်ပြနိုင်ရန် မြှင့်တင်ပေးနိုင် သဖြင့် ၎င်းတို့ပတ်ဝန်းကျင်ရှိ သတင်းမီဒီယာနယ်ပယ် အပေါ် တစ်ဖြည်းဖြည်း သက်ရောက်မှုရှိလာစေသည်။

အင်ဒိုနီးရှားနိုင်ငံရှိ Tempo သည် အခြားမီဒီယာဌာနများနှင့်ပူးပေါင်းကာ ၎င်းတို့၏ လွတ်လပ်သည့်စိတ်ဓာတ်၊ အစဉ်အလာနှင့် စုံစမ်းထောက်လှမ်း တင်ပြသည့်နည်းလမ်းများကို မျှဝေပေးခြင်းဖြင့် စုံစမ်းထောက်လှမ်းမှုကို မြှင့်တင်မည့်အစီအစဉ်တစ်ရပ်ကို စတင်ဖော်ဆောင်ခဲ့ပါသည်။ ဘရာဇီးရှိ Agência Pública နှင့် ကွာတီမာလာရှိ Plaza Publica တို့သည် ၎င်းတို့နိုင်ငံအသီးသီးရှိ သတင်းစာဆရာများအား ၎င်းတို့၏ကိုယ်ပိုင်မီဒီယာများ ထူထောင်ခြင်းဖြင့် အလွန်အမင်းလက်ဝါးကြီးအုပ်သည့် အခင်းအကျင်းကို မဖြစ်စေဘဲ မတူကွဲပြားသည့် မီဒီယာအမျိုးမျိုး ပေါ်ထွက်လာစေရန် လှုံ့ဆော်ခဲ့ကြသည်။ ပြည်တွင်း သို့မဟုတ် ပြည်ပနှင့် ပူးပေါင်း ဆောင်ရွက် ခြင်းသည် ပိုမိုအရည်အသွေးကောင်းမွန်သော အစီအစဉ်များ ထုတ်လုပ်ရာ၌ ကုန်ကျစရိတ်သက်သာသည့်နည်းလမ်းတစ်ခုအဖြစ် ရေရှည်ရှင်သန်နိုင်စွမ်း ရှိမည့်ရှုထောင့်မှ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဒေသဆိုင်ရာ စံချိန်စံညွှန်းများ ကိုမြှင့်တင်ခြင်းဖြင့် ရေရှည်တွင်ကြော်ငြာရှင်များ၏ ချဉ်းကပ်သည့်နည်းလမ်းကို တဖြေးဖြေးပြောင်းလဲစေမည်ဖြစ်ပါသည် – ၎င်းတို့၏စီးပွားရေး၌ အရှုံးပေါ်သော အစီအစဉ်များတွင်ပင် ငွေကိုပိုမိုအသုံးပြု လိုစိတ်များ ရှိလာမည်ဖြစ်ပါသည်။ အကြောင်းမှာ ထိုသို့သုံးစွဲခြင်းအားဖြင့် ၎င်းတို့သည် တိုင်းပြည်အတွက် အလုံးစုံတာဝန်ခံ၍ ထောက်ပံ့လိုကြ သောကြောင့်ဖြစ်ပါသည်။

> **“အားလုံးခြုံကြည့်လျှင် ကောင်းမွန်သော စာနယ်ဇင်းပညာဆိုသည်မှာ ဤကဏ္ဍ တွင် ယခင်ကပြုလုပ်လေ့ရှိသော ပူးပေါင်းဆောင်ရွက်မှု လွှမ်းမိုးနေခဲ့သည့် နည်းလမ်းမှ လုံးလုံးခွဲထွက်သည့် စီးပွားရေးအခြေခံသည့်ပုံစံကို ဆိုလိုကြောင်း သက်သေပြ လျှက်ရှိသည်။**

၎င်းတို့ရင်ဆိုင်နေရသည့် ပြဿနာများကို ပွင့်ပွင့်လင်းလင်းအချိန်ပေးဆွေးနွေး ကြပေးခဲ့ကြသည့် တွေ့ဆုံမေးခွန်းဖြေဆိုသူများအား ကျွန်ုပ်တို့က အလွန်ပင် ကျေးဇူးတင်ရှိပါသည်။ ဤဆောင်းပါးများစုစည်းမှုသည် စုံစမ်းထောက်လှမ်း သတင်းမီဒီယာအဖွဲ့အစည်းများနှင့် ၎င်းတို့အား ထောက်ခံသူများအကြား အနာဂတ်တွင် မည်သို့ထိရောက်စွာပြင်ဆင်ရမည် ဆိုသည်ကို စတင်ဆွေးနွေးရန် ရည်ရွယ်ခြင်းဖြစ်သည်။ အရည်အသွေးပြည့်ဝသည့် စုံစမ်းထောက်လှမ်း သတင်းမီဒီယာပညာသည် မီဒီယာတိုက်များအတွက် ထူးထူးခြားခြား ရောင်းအားကောင်းသည့်အချက်အဖြစ် ဆောင်ရွက်ပေးနိုင်ကြောင်း အောက်ပါ ဥပမာအားလုံးက ပြသလျှက်ရှိသည်။ သို့ဖြစ်ရာ ဤစာအုပ်သည် ကမ္ဘာတစ်ဝှမ်းရှိ မျှော်လင့်ချက်ခရီးကို လှုံ့ဆော်ပေးမှုတစ်ရပ် ဖြစ်ပါသည်။

သင့်ထိုင်ခုံခါးပတ်ကိုမြဲမြံစွာတပ်ပါ– ခရီးလမ်းက ကြမ်းတမ်းသည်။

Petra Aldenrath

Nadine Jurrat

Attila Mong

မှတ်ချက်။ ။ ယခုစာတမ်းသည် မူရင်းအင်္ဂလိပ်ဘာသာအား မြန်မာဘာသာဖြင့် အတိုချုံးထားခြင်းဖြစ်သည်။ အပြည့်အစုံကို (၂၀၂၀ ဒီဇင်ဘာအထိ) အင်္ဂလိပ်၊ ရုရှား ဘာသာတို့ဖြင့် ဖတ်ရှုနိုင်ပါသည်။

# အာရှ




## ဖိလစ်ပိုင်နိုင်ငံ


ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေ ၁၀၄ သန်းခန့်ရှိပြီး ယင်းတို့အနက်အများစုမှာ ကျွန်းစုပေါင်း ၇၆၀၀ ကျော်အနက် ခုနစ်ကျွန်းပေါ်တွင်နေထိုင်ကြသည်။ ဖိလစ်ပိုင်နိုင်ငံသည် သမ္မတ ဖာဒီနန်မားကို့စ်၏ ဆယ်စုနှစ်တစ်ခုကျော်ကြာ သည့် မာရှယ်လောအုပ်ချုပ်ရေး ကာလနောက်ပိုင်း ၁၉၈၆ ခုနှစ်တွင် ဒီမိုကရေစီစနစ်ကို ပြန်လည်ရရှိခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် စတင်တာဝန် ထမ်းဆောင်စဉ်ကစ၍ သမ္မတ ရိုဒီဂို ဒူတာတေး၏ လက်ထက်၌ လွတ်လပ် သောမီဒီယာများအပေါ် အကြမ်းဖက်မှုများမြင့်မားလာကာ နှုတ်အားဖြင့်၊ တရားဥပဒေအားဖြင့် တိုက်ခိုက်မှုများရှိသည်ဟု သရုပ်ဖော်ခံရသည်။ နိုင်ငံ၏ ရုံးသုံးဘာသာစကားမှာ ဖိလစ်ပိုင်နှင့်အင်္ဂလိပ်ဘာသာ တို့ဖြစ်ကြပြီး ယင်းတို့ကိုအများအားဖြင့် နိုင်ငံပိုင်ရုပ်သံလွှင့်မီဒီယာများတွင် အသုံးပြုကြ သည်။ ဖိလစ်ပိုင်နိုင်ငံတွင် စာတတ်မြောက်မှုနှုန်း ၉၆ ရာခိုင်နှုန်းရှိသည်။ လူဦးရေး ၆၀ ရာခိုင်နှုန်းသည် အင်တာနက်ကို ပုံမှန်သုံးစွဲကြသည်။ အထူးသဖြင့် လူမှုမီဒီယာများသည်လွန်စွာရေပန်းစားကာ အင်တာနက် အသုံးပြုသူများ၏ ၉၉ ရာခိုင်နှုန်းသည် အနည်းဆုံး လူမှုမီဒီယာ တစ်မျိုးကို ပုံမှန်အသုံးပြုနေကြသည်။ ဖိလစ်ပိုင်နိုင်ငံသည် နယ်စည်းမခြား သတင်းထောက်များအသင်း၏ ၂၀၁၉ ခုနှစ် သတင်းစာလွတ်လပ်ခွင့် ညွှန်းကိန်းတွင် နိုင်ငံပေါင်း ၁၈၀ အနက် အဆင့် ၁၃၄ တွင်ရှိပြီး _ ယမန်နှစ်ကထက် တစ်ဆင့်နိမ့်သွားသည်။

## အင်ဒိုနီးရှားနိုင်ငံ

အင်ဒိုနီးရှားနိုင်ငံတွင် လူဦးရေ ၂၆၀ သန်းနီးပါးရှိသည်။ ၎င်း၏ပိုင်နက်နယ်နိမိတ်တွင် ကျွန်းပေါင်း ၁၇၀၀၀ ကျော်နှင့် ကွဲပြားသော တိုင်းရင်းသားလူမျိုးများ ရာနှင့်ချီ၍ ရှိသည်။ နိုင်ငံ၏လူဦးရေအထူထပ်ဆုံး သော ဂျာဗားကျွန်း၌ နိုင်ငံလူဦးရေထက်ဝက်ကျော်နေထိုင်ကြသည်။ ရုံးသုံးဘာသာစကားဖြစ်သော အင်ဒိုနီးရှားစကားကို နိုင်ငံသားအများစုက ပြောဆိုကြပြီး ဒေသသုံးစကားတစ်မျိုးနှင့်တွဲ၍ ပြောဆိုလေ့ရှိကြသည်။ နိုင်ငံ၏စာတတ်မြောက်မှုနှုန်းသည် ၉၅ ရာခိုင်နှုန်းကျော် ရှိသည်။ အွန်လိုင်းမီဒီယာကို အသုံးပြုမှုမြင့်တက်လာသော်လည်း ရုပ်မြင်သံကြား သည် လူကြိုက်များသည့် မီဒီယာတစ်ခုအဖြစ် ရပ်တည်နေဆဲဖြစ်ပါ သည်။ အင်ဒိုနီးရှားနိုင်ငံ၏ လူဦးရေ ၃၃ ရာခိုင်နှုန်းခန့်သည် အင်တာနက်သုံးစွဲလျှက် ရှိသည်။ အင်ဒိုနီးရှားနိုင်ငံသည် နယ်စည်းမခြား သတင်းထောက်များအသင်း၏ ၂၀၁၉ ခုနှစ် သတင်းစာလွတ်လပ်ခွင့် ညွှန်းကိန်းတွင် နိုင်ငံပေါင်း ၁၈၀ အနက် အဆင့် ၁၂၄ တွင်ရှိပြီး _ ယမန်နှစ်ကအတိုင်းဆက်လက် ရပ်တည်နေသည်။

## ရပ်ပလာ ၊ ဖိလစ်ပိုင်
# ခေါင်းရှောင်ရန် အစီအစဉ်မရှိ

အာရှတိုက်တွင် သတင်းစာဆရာများအတွက် အန္တရာယ်အများဆုံးသော နိုင်ငံများထဲမှ တစ်နိုင်ငံတွင် ရပ်ပလာ ဆိုသည့် အသင်းကိုတည်ထောင်သူ အမျိုးသမီးအုပ်စုက လူ့အခွင့်အရေးချိုးဖောက်မှုနှင့် အဂတိလိုက်စားမှုများ ကို မှတ်တမ်းတင်ရန် အထိရောက်ဆုံး နည်းလမ်းမှာ – နည်းပညာ ဖြစ်သည် ဟု ခိုင်ခိုင်မာမာ ယုံကြည်လျက်ရှိသည်။ ၎င်းတို့အသင်းကို ဖျက်သိမ်းရန် အစိုးရ၏ ဖိအားပေး မှုများမြင့်မားလာခြင်းသည် ၎င်းတို့၏ – အထူးသဖြင့် လူလတ်ပိုင်း မျိုးဆက်များ အတွက် အောင်မြင်မှုသက်သေပင် ဖြစ်သည်။



Rappler ရုံးခန်းမှ

ရပ်ပလာရုံးချုပ်သည် မနီလာမြို့၏ စီးပွားရေးအချက်အခြာကျသော မြို့လယ်ခေါင်နေရာရှိ ခေတ်မီကုန်တိုက် တစ်ခု၏အပေါ်ထပ်တွင် ဖွင့်ထား သည်။ ၎င်းအဆောက်အဦးသည် ပျားပန်းခပ်မျှစည်ကားနေသည့် ဖိလစ်ပိုင် မြို့တော်အား ငုံ့မိုးကြည့်နေ သကဲ့သို့ ရှိသည်။ ကြမ်းပြင်တွင် လိမ္မော်နှင့် အဖြူရောင်ပူဖောင်းများ ဖြန့်ကျဲ ထားသည်။ အမှောင်ထဲမှ တောက်ပစွာ ထွက်ပေါ်လာသည့် လိမ္မော်ရောင် “R” စာလုံးက ရှေ့တံခါးမှ ကြိုဆိုနေသည်။ လှုပ်လှုပ်ရှားရှား အလုပ်များနေကြသော အခန်းတွင်းသို့ တံခါးဖွင့်လျှက် တည့်တည့်မတ်မတ်ဝင်သွားပါက စားပွဲပေါ်တွင် အပူတပြင်း အလုပ် လုပ်ကိုင်နေကြသည့် အယ်ဒီတာများ၊ အလုပ်များနေသည့် သတင်းထောက် များကို တွေ့ရမည်။ ၎င်းတို့အားလုံးကို အခန်းဖွဲ့မထားသော ရုံးခန်းနှင့် ရပ်ပလာ ၏အစည်းအဝေးခန်းတို့အကြားကာခြားထားသည့် မှန်နံရံ တစ်လျှောက် အလျင်စလိုရေးထားပုံရသော ထူးခြားသည့် အကိုးအကား များဖြင့် ဝန်းရံလျှက် တွေ့ရလိမ့်မည်။ အဖွဲ့သားများ ဝင်လိုက် ထွက်လိုက် လုပ်နေစဉ် ရုပ်မြင်သံကြားဖန်သားပြင်မှ သတင်းခေါင်းစဉ်များက တဖျတ် ဖျတ်ထွက်ပေါ် လာနေသည်။ ပေါင်ပေါ်တွင်လက်ပ်တော့များ ကိုယ်စီ တင်ထားကြသည့် လူငယ်သတင်းထောက် အဖွဲ့များက ကြမ်းပြင် ပေါ်တွင် အုပ်စုလိုက်ထိုင်ကာ ၎င်းတို့၏ အကြံဉာဏ်များကို အင်တိုက် အားတိုက် ဆွေးနွေးနေကြသည်ကို တွေ့ရမည်။

ဤအားမာန်အပြည့်တက်ကြွနေသော သတင်းခန်း၏ အလယ်တည့်တည့် တွင် ရပ်ပလာကို တည်ထောင်သူ အဖွဲ့သားများဖြစ်ကြသည့် Maria Ressa, Glenda Gloria, Chay Hofileña နှင့် Beth Frondoso တို့၏ စားပွဲများရှိသည်။ ၎င်းတို့သည် မိမိကိုယ်ကို အဖွားကြီးများဟု ရည်ညွှန်းက အရွှန်းဖောက်လေ့ရှိသည်။ Hofileña, Gloria နှင့် Frondoso တို့က ရပ်ပလာ ၏ အယ်ဒီတာညွှန်ကြားချက်များ၊ ရုပ်/သံထုတ်လုပ်ခြင်းနှင့် သင်တန်းကိစ္စများအတွက် စီမံဆောင်ရွက်နေချိန်တွင် Ressa ၏ အဓိက အလုပ်မှာ မီဒီယာဌာန ဆက်လက်ရှင်သန်နိုင်စေရန် ဖြစ်ပါသည်။ သူမသည် ရုံးခန်းသီးသန့်ရှိသည့် တစ်ဦးတည်းသောပုဂ္ဂိုလ်လည်းဖြစ်သည်။

ဤတတ်ကြွလုပ်ကိုင်နေသော ပတ်ဝန်းကျင်အနေအထား၌ လုံခြုံရေးဝန်ထမ်း တစ်ဦးက ရုံးရှေ့တံခါးမတွင်ရပ်နေခြင်းကသည်ပင်လျှင် ရပ်ပလာသည်၏ လုပ်ငန်း များသည် နိုင်ငံရေးသတင်းများကို ထင်ဟပ်ရေးသားထုတ်ဝေသည့် လုပ်ငန်း ဖြစ်ကြောင်း ပေါ်လွင်နေသည်။သတင်းစာဆရာများအား အကာအကွယ် ပေးရေး ကော်မတီ ( CPJ)၏ ထုတ်ပြန်ချက်အရ ဖိလစ်ပိုင်နိုင်ငံသည် အရှေ့တောင်အာရှ တွင် သတင်းစာဆရာများ သေဆုံးမှုအများဆုံး နိုင်ငံများအနက် တစ်ခုဖြစ်သည်။ သတင်းစာဆရာများအား သတ်ဖြတ်မှုအတွက် အရေးမယူဘဲ ပြစ်ဒဏ်ကင်းလွတ် သည့် အတိုင်းအတာကို တိုင်းတာသည့် CPJ၏ညွှန်းကိန်းတွင် ဖိလစ်ပိုင် နိုင်ငံအား နံပါတ် ၅ နေရာတွင် သတ်မှတ်ထားသည်။ ၂၀၁၆ ခုနှစ်က Rodrigo Dutate အာဏာရခဲ့စဉ်ကာလမှစ၍ ဖိလစ်ပိုင်နိုင်ငံတွင် အကြမ်းဖက်မှု များ သိသိသာသာ မြင့်တက်လာသည်။ လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ အဆိုအရ ဒူတာတေး၏ သမ္မတသက်တမ်း ပထမ ၂ နှစ် အတွင်း၌ပင် ၎င်း၏ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး စစ်ဆင်ရေးတွင် လူပေါင်း ၂၀၀၀၀ ခန့် အသတ်ခံ ခဲ့ရသည်။ ဖိလစ်ပိုင်သမ္မတ၏ မီဒီယာမုန်းတီးမှုမှာလည်းထင်ရှားသည်။ ၎င်းသမ္မတအဖြစ် စတင်တာဝန်ယူသည့် ကျမ်းသစ္စာကျိန်ဆိုပွဲအပြီး မကြာခင် ကာလအတွင်းမှာပင် ထုတ်ပြန်ချက်တစ်ခု၌ နိုင်ငံအတွင်းအသတ်ခံခဲ့ရသည့် သတင်းစာဆရာများအနက် အများစုမှာ သေသင့်သေထိုက်သောကြောင့် သေရခြင်းဖြစ်သည်ဟု ဖော်ပြခဲ့သည်။

ယင်းထုတ်ပြန်ချက်သည် ဒူတာတေးအစိုးရက မီဒီယာလွတ်လပ်ခွင့်ကို နှောင့်ယှက်ရန်၊ အသံတိတ်စေရန်ပြုမူသည့် ရမ်းကားသည့်လုပ်ရပ်ဖြစ်ပြီး မီဒီယာများအား အဆုံးစွန်ထိ ခြိမ်းခြောက်မှုကိုဖော်ဆောင်သည့် နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်ဟု Ressa က သုံးသပ်သည်။ အဂတိလိုက်စားမှု၊ ရဲများ၏အကြမ်းဖက်မှုနှင့် အာဏာရှိသူများ၏ လူ့အခွင့်အရေးချိုးဖောက်မှု များကို စုံစမ်းထောက်လှမ်း ဖော်ထုတ်မှုကြောင့် အစိုးရ၏ အာရုံစိုက်ခြင်းခံလာရသည့် ရပ်ပလာ ကို “သတင်းတု” များရေးသားနေသည့် မီဒီယာအဖြစ် သမ္မတဒူတာတေးက ပုံဖော်သုံးနှုန်းလာသည်။ အစိုးရသည် ရပ်ပလာ၏ လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းရန် အထိ ကြိုးပမ်းခဲ့ပြီး ၎င်း၏သတင်း ထောက်များအား သမ္မတ၏ ပြည်တွင်း၊ ပြည်ပ ခရီးစဉ်များတွင် သတင်းရယူခွင့် ပိတ်ပင်ထားသည်။ ၂၀၁၈ ခုနှစ် ၊ ဖေဖော်ဝါရီလက စ၍ ရပ်ပလာအား Malacañang သမ္မအိမ်တော်သို့ ဝင်ခွင့်ပိတ်ပင်ခဲ့သည်။ သို့သော် ယင်းက အမြည်းသဘောမျှသာရှိသေးသည်။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလက တရားရေး ဌာနက Ressa နှင့် ရပ်ပလာကုမ္ပဏီကို အခွန်တိမ်းရှောင်မှု များဖြင့် တရားစွဲဆိုခဲ့ပြီး အဆုံးသတ်တွင် သမ္မတ ဒူတာတေး ကိုယ်တိုင်က ဖမ်းဝရန်း ထုတ်ပြန်ခဲ့သည်။ ပြစ်မှုထင်ရှားပါက Ressa သည်ထောင်ဒဏ် ၁၀နှစ်ကျခံရဖွယ် ရှိသည်။

သူမသည် ဆုများစွာလက်ခံရန် ပြည်ပ၌ရောက်ရှိနေစဉ် ဖမ်းဆီးမိန့်အကြောင်း ကြားသိခဲ့ရခြင်း ဖြစ်သည်။ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် အဖမ်းခံရန် သူမ ပြန်လည်ရောက်ရှိလာပြီး ထိုနေ့ နံနက်ပိုင်းတွင်ပင် အချိန်တိုအတွင်း အာမခံရရှိ ခဲ့သည်။ “နိုဝင်ဘာလ ၈ ရက်နေ့က ကျွန်မ ICFJ (International Center for Journalism) ဆုရခဲ့တယ်။ ဆုရပြီး ခဏပဲရှိသေးတယ်၊ ကျွန်မနဲ့ ရပ်ပလာ ကုမ္ပဏီကို တရားရေးဌာနက တရားစွဲဆိုလိုက်တဲ့အကြောင်း အစိုးရက သတင်းထုတ်ပြန် လိုက်တယ်။ သူတို့အရမ်း ဒေါသထွက်သွားတာနေမယ်။ ဘာပဲဖြစ်ဖြစ်ပါလေ” သူမကရယ်ရယ်မောမောပင် ပြောခဲ့သည်။ “ဘာပဲပြောပြော သူတို့လုပ်နိုင်သမျှ အဆိုးဆုံးလုပ်ဖို့ဒါက တကယ့်ကို အချိန်ကိုက်ဖြစ်သွားတာပါ။” နိုင်ငံတကာ မီဒီယာများ ဖြစ်သည့် Deutsche Welle မှ the Guardian နှင့် the Washington Post တို့ထိ သူမ




**နယ်နိမိတ်များကို အောင်မြင်ခြင်း–** Rappler ၏ **တည်ထောင်သူများ** Beth Frondoso, Chay Hofileña, Maria Ressa **နှင့်** Glenda Gloria **တို့အား** Board Manny Ayala **ဥက္ကဋ္ဌနှင့်အတူတွေ့ရစဉ်**

ဖမ်းဆီးခံရကြောင်း သတင်းများ ရေးသားဖော်ပြကြသည်။ ထိုအဖြစ်အပျက်များအပြီး သုံးလမပြည့်မီတွင်ပင် အမျိုးသား စုံစမ်းထောက်လှမ်းရေး ဗျူရို (National Bureau of Investigation (NBI) မှ စုံထောက်များက Ressa အားဖမ်း ဆီးမိန့်ကိုကိုင်ကာ မနီလာမြို့ရှိ ရပ်ပလာ ရုံးခန်းအတွင်းသို့ ဝင်ရောက် လာတော့သည်။ တရားရုံးပိတ်သွားသဖြင့် Ressa သည် ဖမ်းဆီးခံရသည့်ညကို NBI ရုံးချုပ်တွင်ကုန်ဆုံးခဲ့ရသည်။

တစ်နှစ်အနည်းငယ်ကျော်လွန်ပြီး ၂၀၁၉ ခုနှစ်၊ ဇွန်လမှစ၍ Ressa နှင့် ရပ်ပလာ ကုမ္ပဏီ သည် အမှုပေါင်း ၁၁ မှုနှင့်လုံးထွေးနေခဲ့ရပြီး အာမခံ ၈ ကြိမ်ရရှိခဲ့သည်။ ယခုအခါ Ressa သည် အာမခံနှင့် လွတ်မြောက်လာ သော်လည်း ဆက်လက် တွေ့ကြုံရမည့် ကိစ္စရပ်များအတွက် "ခေါင်းရှောင် ရန်အစီအစဉ်မရှိ" ဟု ပြောသည်။ အပြည်ပြည်ဆိုင်ရာ သတင်းလွတ်လပ်ခွင့် ကျွမ်းကျင်သူများ၏ သုံးသပ်ချက်အရ– ဒူတာတေးသမ္မတ၏ ရည်ရွယ်ချက် မှာ ၎င်း၏လက်မရွံ့ မူးယစ်စစ်ဆင်ရေး အကြောင်းကို ရပ်ပလာက သတင်း ထုတ်ပြန်မှုများ ဆက်လက် မပြုလုပ်နိုင်ရန် လုပ်ငန်း လိုင်စင်သိမ်းယူ လို၍ ဖြစ်ကြောင်း ဆိုသည်။ သို့သော် ရပ်ပလာကို တည်ထောင်သူများသည် ၎င်း၏တာဝန်များကို လက်မလျှော့ပေ။ "ဖိလစ်ပိုင်နိုင်ငံမှာ အွန်လိုင်းမှာရော၊ offline မှာပါ ကျွန်မတို့ရဲ့ဘဝတွေကို အကြမ်းဖက်မှုတွေနဲ့ အုပ်ချုပ်နေပြီး အကြမ်းဖက်မှုတွေက အကြောက်တရား ကိုဦးတည်စေတယ်" ဟု Hofileña က ဆိုသည်။ "အစိုးရက တိုက်ခိုက်လာတဲ့အခါ စဉ်းစားဖို့က – ရက်စက်တဲ့ အစိုးရကို ဆန့်ကျင်ပြီး ပွင့်ပွင့်လင်း လင်းဝေဖန်မယ့် စုံစမ်းထောက်လှမ်း သတင်းတွေ ကို ဆက်ပြီးဖော်ထုတ်ရေးသားမလား? ခေါင်းရှောင်မလား? လက်ပိုက်ပြီး စောင့်ကြည့် နေမလား ဆိုတာပဲ? သေချာ ပါတယ်။ ကျွန်မတို့ လက်ပိုက်ပြီးတော့ ကြည့်နေနိုင်မှာ မဟုတ်ဘူးလေ။" ထို့နောက် ရပ်ပလာ သည် ၎င်းကို စွဲချက်တင်လာသည့် အမှုများကို ရင်ဆိုင်ရင်း ရုံးကိုဆက်လက် ဖွင့်လှစ်ထားလေသည်။


## အရည်အသွေးမြင့် သတင်းပညာထွက်ပေါ်လာရေး နည်းလမ်းတကျနှင့် အခိုင်အမာ သန္နိဋ္ဌာန်ချထားခြင်း

အားအင်အပြည့်ရှိနေခြင်း နှင့် ခံနိုင်ရည်ပြည့်ဝခြင်းသည် ၂၀၁၁ ခုနှစ် ရပ်ပလာ စတင်တည်ထောင်ခဲ့စဉ်ကတည်းက ကုမ္ပဏီ၏ ဝိသေသ လက္ခဏာတစ်ရပ် ဖြစ်သည်။ "ကျွန်မတို့အနေနဲ့ လွတ်လွတ်လပ်လပ်လုပ်ကိုင်ချင်လို့ လခ အများကြီး ပိုကောင်းတဲ့ နေရာတွေကနေ ထွက်လာခဲ့တာပါ။ ဒီလိုလုပ်ကိုင်တဲ့ အတွက် ဖြစ်လာမယ့် စွန့်စားမှု တွေကိုလည်း ခံယူဖို့ အသင့်ပါပဲ" ဟု ရပ်ပလာတွင် အလုပ်မဝင်ခင်က Newsbreak ၏ အကြီးအကဲဖြစ်ခဲ့သူ Hofileña ကပြောသည်။

> **"၂၀၁၂ ခုနှစ်က ဒီနယ်ပယ်မှာ ကျွန်မတို့ကလူသစ်ကလေးတွေ ဖြစ်ခဲ့ကြ တယ်။အထူးသဖြင့် ဖိလစ်ပိုင်နိုင်ငံဟာ ဆိုရှယ်မီဒီယာမြို့တော်ကြီး ဖြစ်တဲ့အတွက် နည်းပညာသစ်တွေနဲ့ လည်ပတ်နေတဲ့ ဒီအဖွဲ့အစည်း အပေါ် လူငယ်တွေရဲ့ စူးစမ်းလိုစိတ်တွေက ကျွန်မတို့ ကိုလှုံ့ဆော်ပေးခဲ့တယ်**

ကနဦးကာလကပင် နည်းပညာဖန်တီးမှုနှင့်အတူ ကောင်းမွန်သော စီးပွားရေး အစီအမံထားရှိမှုတို့သည် လွတ်လပ်စွာထုတ်ဖော်ရေးသားခွင့်ရရှိရေး အတွက် အာမခံချက်ပေးနိုင်မည့် အဓိက အချက်များဖြစ်သည်။ "ကျွန်မတို့ စမ်းသပ်မှုတွေ လုပ်ချင်ခဲ့ကြတယ်။ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် နည်းပညာကို ဘယ်လိုအသုံးပြုနိုင်မလဲဆိုတာ ကျွန်မတို့ နည်းလမ်းရှာဖွေခဲ့ကြတယ်။ အဲဒီနည်းလမ်းတွေက သတင်းပညာပေါ် ဘယ်လို သက်ရောက်မှုရှိမယ်ဆိုတာကို ကျွန်မတို့ မျှော်တွေးကြည့်ရှုခဲ့ကြတယ်" ဟု Hofileña က ဖော်ပြခဲ့သည်။

မူလက ၎င်းတို့သည် အွန်လိုင်းပရိတ်သတ် အသစ်များအတွက် ဖေ့စ်ဘွတ် စာမျက်နှာတစ်ခု ဖွင့်လိုက်ပြီး လတ်တလောဖြစ်ပွားသောသတင်းများကို တိုက်ရိုက် ရုပ်သံ ထုတ်လွှင့်ခြင်းနှင့် စုံစမ်းထောက်လှမ်းသတင်းများကို ပေါင်းစပ်တင်ပြခဲ့ကြသည်။ " ဒီနှစ်မျိုးပေါင်းပြီးတင်ပြရတဲ့ အကြောင်းရင်းက ကျွန်မတို့ ဖိလစ်ပိုင်နိုင်ငံရဲ့ ဈေးကွက်အနေအထားအရဆိုတာ အသေအချာပဲပေါ့။ ကျွန်မတို့ ပရိသတ် အသိုင်းအဝိုင်းလေးတစ်ခု ရအောင်တည်ဆောက်ဖို့ ကိုယ့် အမှတ်တံဆိပ်ကို ပေါက်အောင်လုပ်ရမယ်။ အဲဒီအတွက် ကိုယ်ပိုင်ဖော်ထုတ်ရေးသားတဲ့ သတင်းကြီးတွေ လုပ်နိုင်ဖို့ ၊ အတွင်း ကျကျ




သတင်းအချက်အလက်တွေ ရဖို့ လိုတယ်။ ပြီးတော့ အရေးကြီးတဲ့ သတင်းမျိုး ဆိုဘယ်သတင်းဖြစ်ဖြစ် ကိုယ်က အရင်ဦးဆုံး live လွှင့်ပေးနိုင်ရမယ်" ဟု ရပ်ပလာ ၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ Glenda Gloria က ပြောသည်။

"၂၀၁၂ ခုနှစ်က ဒီနယ်ပယ်မှာ ကျွန်မတို့ကလူသစ်ကလေးတွေဖြစ်ခဲ့ကြတယ်။ အထူးသဖြင့် ဖိလစ်ပိုင်နိုင်ငံဟာ ဆိုရှယ်မီဒီယာမြို့တော်ကြီး ဖြစ်တဲ့အတွက် နည်းပညာသစ်တွေနဲ့ လည်ပတ်နေတဲ့ ဒီအဖွဲ့အစည်း အပေါ် လူငယ်တွေရဲ့ စူးစမ်းလိုစိတ်တွေက ကျွန်မတို့ ကိုလှုံ့ဆော်ပေးခဲ့တယ်" ဟု Ressa က ဖြည့်စွက် ပြောသည်။ ဖိလစ်ပိုင်နိုင်ငံတွင် အင်တာနက်အသုံးပြုသူများအနက်မှ ၉၅ ရာခိုင်နှုန်းသည် ဖေ့စ်ဘွတ်ကို အသုံးပြုသည်။

"၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလက ရပ်ပလာ.com တွင် ပထမဆုံး စုံစမ်းထောက်လှမ်းသတင်း တင်ဆက်မှုအဖြစ် တင်ဆက်ခဲ့သည့် Corona သတင်းတွဲများကြောင့် အလှည့်အပြောင်း တစ်ခု ဖြစ်ပေါ်ခဲ့သည်။ ယင်းသည် University of Santo Tamos က တရားသူကြီးချုပ် Renato Corona အား တရားမမှု ဥပဒေဆိုင်ရာ ဒေါက်တာဘွဲ့အတု ချီးမြှင့်ခဲ့မှုအကြောင်းကို ရပ်ပလာ၏ ကိုယ်ပိုင်ဖော်ထုတ်ရေးသားသော သတင်းအဖြစ် တင်ပြနိုင်ခဲ့ခြင်းဖြစ်သည်။" "ရပ်ပလာကို ဖေ့စ်ဘုတ်မှာပဲ စတင်မွေးဖွားခဲ့တယ်လို့ ဆိုရမှာပါ။ သတင်းတွေကို ဖေ့စ်ဘုတ်ပေါ်မှာစပြီး စမ်းသပ်တင်ခဲ့ကြတယ်။

> **"ရပ်ပလာကို အုပ်ချုပ်မှု စနစ်တွင် အလယ်အလတ်စီမံခန့်ခွဲသည့် ရာထူးအဆင့် မထားရှိပါ။ သတင်းဌာန အခွန့်ရှည်ရေးအတွက်သာ ရှေးရှုပြီး ဆုံးဖြတ်ချက်အများစုကို တည်ထောင်သူအယ်ဒီတာများက ဝိုင်းဝန်းဆွေးနွေးကာ ချမှတ်လေ့ရှိသည်။**

အဲဒီနောက် တရားသူကြီးချုပ်သတင်းက ရပ်ပလာရဲ့ ကိုယ်ပိုင် ဖော်ထုတ် ရေးသားတဲ့ သတင်းအဖြစ်ထွက်ရှိလာတယ်" Gloria က အတိတ်ကို အမှတ် ရဟန်နဲ့ ပြန်ပြောင်းပြောဆိုသည်။ "အဲဒါက ကျွန်မတို့ရဲ့ ပထမဆုံးသတင်း... တကယ့် သတင်းကြီးပေါ့။ အဲဒီ ကိုယ်ပိုင်ဖော်ထုတ်ရေးထားတဲ့ သတင်း ကြောင့်ပဲ ကြည့်ရှုတဲ့ပရိသတ်တွေကြားမှာ ရပ်ပလာက ချက်ခြင်း နာမည်ကြီး သွားတယ်။ ပြောရရင်တော့ ဒီသတင်းကြောင့်ပဲ ရပ်ပလာဆိုတဲ့ နာမည်ကို တည်ဆောက်နိုင်ခဲ့ပြီး ချက်ခြင်းလူသိများတဲ့ brand တစ်ခု ဖြစ်စေခဲ့တယ်။" ထိုအချိန်မှစ၍ ရပ်ပလာ အားတည်ထောင်သူများသည် သတင်းခန်းကို ဝန်ထမ်းအင်အား ၁၀၀ ကျော်ဖြင့် အခြေခံမှစကာ စတင်တည်ထောင်ခဲ့သည်။ ဝန်ထမ်းအများစုမှာ ငယ်ရွယ်သည့် မိန်းကလေးများဖြစ်ပြီး – ရပ်ပလာကို စတင်တည်ထောင်ခဲ့သူ အမျိုးသမီးများထံမှ လေ့လာသင်ယူရန် စိတ်အား ထက်သန်နေကြသည်။ လွန်ခဲ့သောနှစ်များအတွင်း

အခြားသော သတင်းဌာန များသည် သတင်းထောက်အရေအတွက်ကို လျှော့ချခဲ့ကြသော်လည်း ရပ်ပလာ ၏ အကြီးတန်းမန်နေဂျာများသည် မိမိလစာမှ ၂၀ ရာခိုင်နှုန်းကို လျှော့ယူခြင်း ဖြင့် သတင်းခန်း၌ ဝန်ထမ်းအင်အားပြည့်အောင်ထားခဲ့ကြသည်။ ရပ်ပလာကို အုပ်ချုပ်မှု စနစ်တွင် အလယ်အလတ်စီမံခန့်ခွဲသည့်ရာထူးအဆင့် မထားရှိပါ။ သတင်းဌာန အခွန့်ရှည်ရေးအတွက်သာ ရှေးရှုပြီး ဆုံးဖြတ်ချက်အများစုကို တည်ထောင်သူအယ်ဒီတာများက ဝိုင်းဝန်းဆွေးနွေးကာ ချမှတ်လေ့ရှိသည်။

ယနေ့အချိန်ခါတွင် ရပ်ပလာ သည် နိုင်ငံတကာက အသိအမှတ်ပြု သတင်းဌာန တစ်ခု ဖြစ်လာပြီး၊ ဆုတံဆိပ်များစွာ ဆွတ်ခူးထားသည့် မီဒီယာအဖြစ် ရပ်တည်နေသည်။ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတိုက်၌ ပြုလုပ်သည့် သတင်းစာဆရာများတွေ့ဆုံပွဲ၌ နိုင်ငံတကာမှ သတင်းထောက် လုပ်ဖော် ကိုင်ဘက်များက Ressa အား သတင်းမီဒီယာလွတ်လပ်ခွင့်အတွက် တိုက်ပွဲဝင်သူရဲကောင်းအဖြစ် ချီးကျူးခဲ့ကြသည်။ Ressa သည် ဖိလစ်ပိုင်–အမေရိကန် ကပြားဖြစ်ပြီး ငယ်စဉ်ကလေးဘဝတွင် မားကို့စ်အစိုးရလက်ထက်က အမေရိကန်နိုင်ငံသို့ထွက်ခွာခဲ့ပြီး ၁၉၈၀ ပြည့်လွန်နှစ်များတွင် ဖိလစ်ပိုင်နိုင်ငံ သို့ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှစ၍ သူမသည် အရှေ့တောင်အာရှ စစ်မက်ဖုန်အရေးကိစ္စများနှင့် မြေပြင်ကွင်းဆင်းကာ သတင်းထောက်လှမ်းပေးပို့ရသည့် တာဝန်ကိုယူခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် Ressa သည် တိုင်းမ် မဂ္ဂဇင်း၏ စံပြုထိုက်ဆုံးသော ပုဂ္ဂိုလ်များအနက် တစ်ဦးအဖြစ် သတ်မှတ်ခြင်း ခံရသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၊ ၁၈ ရက်နေ့တွင် ရပ်ပလာသည် CPJ ၏– သတင်းစာဆရာများအတွက် ဥပဒေရေးရာ အထောက်အကူပေးနိုင်ရန် ထူထောင်ထားသည့်ရန်ပုံငွေမှ ပထမဆုံးထောက်ပံ့မှုရရှိသူ အဖြစ် ဖော်ပြခြင်းခံရသည်။ ထိုရန်ပုံငွေသည် ဝေဖန်ထောက်ပြမှုအားကောင်းသော သတင်းပညာကို နှိပ်ကွပ်ရန် ရည်ရွယ်သော ဥပဒေတိုက်ပွဲများတွင် ရင်ဆိုင်နေရသည့် သတင်းထောက်များ ကို အကူအညီပေးနိုင်ရန် ထူထောင်ထားခြင်းဖြစ်သည်။ နယ်စည်းမခြား သတင်းထောက်များအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ သတင်းစာဆရာများ ဗဟိုဌာနကလည်း ရပ်ပလာအား အထောက်အပံ့ ပေးမည်ဟု ကတိပြုခဲ့သည်။ ယင်းသည် ငွေကြေး၊ စာရိတ္တနှင့် လုံခြုံရေးအရ အရေးကြီးကြောင်း Ressa ကပြောခဲ့သည်။ "ဒါက အစိုးရအနေနဲ့ ကျွန်မတို့ကို ဒေဝါလီခံရအောင် လုပ်လို့မရကြောင်း အချက်ပြ လိုက်တာပါပဲ။"

သို့သော် ပြည်တွင်းစည်းလုံးညီညွတ်ရေးကို ပိုမို သတိချပ်သင့်ကြောင်း Hofileña က နားလည် သဘောပေါက်ခဲ့သည်။ "ဒီနိုင်ငံမှာ ဒီမိုကရေစီစံနစ်က ခြိမ်းခြောက်ခံနေရတယ်။ ဒါကိုမီဒီယာက ပြန်လည် တွန်းလှန်သင့်ပေမဲ့ လုံလုံလောက်လောက် တွန်းလှန်တာ မတွေ့ရသေးဘူး။ ကျွန်မတို့ကို ဖမ်းဝရမ်းထုတ်တော့ ပြည်တွင်းမီဒီယာတွေက ရပ်တည်ချက်ခိုင်ခိုင်မာမာနဲ့ ပေါက်ကွဲတာမျိုး မရှိခဲ့ဘူး။ သူတို့လည်း ရပ်ပလာလို အလားတူအဖြစ်မျိုးကြုံရမှာစိုးလို့ဆိုတာ နားလည်ပေးလို့ရပါတယ်။ ဒူတာတေးက သူတို့ကို လူမြင်ကွင်းမှာရိုက်တာမျိုး လုပ်လို့ရတဲ့ အနေအထားမှာရှိတယ်။"

## လူလတ်ပိုင်းပရိတ်သတ်အား ဆွဲဆောင်ခြင်း

ဖိလစ်ပိုင်နိုင်ငံ၏ ပထမဆုံးအွန်လိုင်းသတင်းဌာနအဖွဲ့အစည်းဖြစ်သည့် ရပ်ပလာသည် မကြာမီမှာပင် အသက် ၁၈နှစ်မှ ၃၄ နှစ်အရွယ် လူလတ်ပိုင်းစာဖတ်ပရိတ်သတ် များအကြား ရေပန်းစားသည့် သတင်းဆိုဒ် ပလက်ဖောင်းတစ်ခု ဖြစ်လာခဲ့သည်။ ဤအချက်သည်ပင် သမ္မတ ဒူတာတေးအနေနှင့် ရပ်ပလာအား ပစ်မှတ်ထားနေသည့် နောက်ထပ်အကြောင်းရင်းတစ်ရပ်ဖြစ်သည်ဟု Ressa က ဆိုသည်။ "အွန်လိုင်း ပေါ်က စိန်ခေါ်မှုတွေကို ဘယ်လိုရင်ဆိုင်ရမယ်_ အထူးသဖြင့် နည်းပညာက ကျွန်မတို့ရဲ့ ဦးနှောက်တွေကို ဘယ်လို ပြန်ပြီးသက်ဝင်စေမလဲဆိုတာတွေကို ဒီမျိုးဆက်တွေ တိတိကျကျလေး နားလည်လာအောင် ပံ့သွင်းပေးဖို့တာဝန်ရှိတယ်လို့ ခံစားရပါတယ်။" ဟု Ressa ကပြောသည်။ ဖိလစ်ပိုင်လူမျိုး လူလတ်ပိုင်းများသည် ရပ်ပလာကဲ့သို့ ရည်မှန်းချက်ကြီးမားသည်ဟု သူမက ယူဆသည်။ ၎င်းတို့သည် မည်ကဲ့သို့ပျော်ရွှင်စွာနေထိုင်ရမည်ကိုသိသည်။ တစ်ပြိုင်နက်

တည်းမှာပင် အဖွဲ့ အစည်း တစ်ရပ်အနေနှင့် ရပ်ပလာက တန်ဘိုးထားကျင့်သုံးနေသည့် အချက်များ ဖြစ်သော ရပ်ရွာလူထု အကျိုး၊ တရားမျှတမှုနှင့် လူ့အခွင့်အရေးများ အပေါ် လည်း ဂရုတစိုက်ရှိကြသည်။ ရပ်ပလာသည် သတင်းအရှည်များရေးသား ဖော်ပြခြင်းမှစ၍ သတင်းပုံစံအမျိုးမျိုးကို စမ်းသပ်နေသည်။ "ကျွန်မတို့က စာဖတ်ပရိတ်သတ်နဲ့ ထိတွေ့မှုရှိ တယ်။ သူတို့ ဘာလိုအပ်တယ်၊ ဘယ်လောက်ထိ ဖတ်ရှုနိုင်သလဲ ဆိုတာ သိပါတယ်။" ဟု စီမံခန့်ခွဲရေး အယ်ဒီတာ Gloria ကပြောသည်။

"ဒါက ဘဲ၃– ဥအစ– ရှာမရတဲ့ အခြေအနေမျိုးပဲ" ဟု Gloria ကထပ်၍ ပြော သည်။ "အွန်လိုင်းပေါ်မှာ အလုပ်ဖြစ်မယ်လို့ ယုံကြည်ချက်မရှိသူတွေ ကြောင့် ကျွန်မတို့အနေနဲ့ သတင်းအရှည်တွေ ရေးသားဖော်ပြဖို့ အားယုတ် ခဲ့ရတယ်။ ဒါပေမဲ့ ကိုယ်တိုင်မကြိုးစား ကြည့်ရသေးသရွေ့ ဈေးကွက်က အသင့်ဖြစ်နေမှာ မဟုတ်ပါဘူး။ ဒီအတိုင်းပဲ ရပ်ပလာ အတွက် ဈေးကွက်က အသင့်ရှိမနေခဲ့ပါဘူး။ ဒါပေမဲ့ သတင်းစာဆရာတွေဖြစ်တဲ့ ကျွန်မ တို့က စာဖတ်ပရိတ်သတ်အပေါ် ယုံကြည်မှုရှိတယ်။ နောက်ဆုံးမှာ စာဖတ်ပရိတ်သတ် အနေနဲ့ အရည်အသွေး မြင့်တဲ့ သတင်းပညာကိုပဲ ရွေးချယ်မှာပါ။" ရပ်ပလာ သည် ချင့် ချင့်ချိန်ချိန်ဖြင့်

အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ စာဖတ်ပရိတ်သတ်များက သစ္စာရှိစွာ ဖတ်ရှု ကြယုံမျှမက ရပ်ပလာ၏ နိုင်ငံရေးသမား များနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်မှုစစ်ပွဲများ အကြောင်း ရေးသားဖော်ပြမှုများက ဖိလစ်ပိုင်နိုင်ငံသား များသည် ၎င်းတို့သမ္မတ၏ လုပ်ဆောင်ချက်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် အမြင်များ ပြောင်းလဲလာ စေခဲ့သည်

ရပ်ပလာ၏ သတင်းများအနက် အထူးအကျိုးသက်ရောက်မှုရှိသော သတင်း တစ်ပုဒ်မှာ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လက ရဲသုံးဦး၏သတ်ဖြတ်ခြင်းကိုခံခဲ့ရသော အသက် ၁၇ နှစ် အရွယ် Kian Delos Santos ဆိုသူ၏ အကြောင်း သတင်း မှတ်တမ်းကို ကိုယ်ပိုင် ဖော်ထုတ်ရေးသားမှုသတင်းအသွင်ဖြင့် တင်ဆက် ခဲ့ခြင်း ဖြစ်သည်။ နောင်တွင် ထိုရဲသုံး ဦးကို အပြစ်ရှိကြောင်း တရားရုံးက ဆုံးဖြတ်ခဲ့သည်။ ယင်းသည် ဒူတာတေး၏ မူးယစ် ဆေးဝါး တိုက်ဖျက်မှု စစ်ဆင်ရေးအတွင်း ရဲများ၏ အကြမ်းဖက်မှုကို လူထုက ပထမ ဦးဆုံးအကြိမ် သိရှိခဲ့ကြရခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ်ဧပြီလတွင် သမ္မတ၏ ပြည်သူ အကြား ရေပန်းစားမှုအဆင့်သည် ၁၈ ပွိုင့် ကျဆင်းသွားခဲ့ရပြီး၊ ထိုစဉ်က ၎င်း၏ကိုယ် ရေး ဥပဒေ အကြံပေးချုပ်ဖြစ်သူ Salvador Panelo က ထိုသို့ဖြစ်ရခြင်းမှာ ရဲများ၏ ရက်စက်ကြမ်းကြုတ်မှုအပေါ် လူထုအတွင်းမကျေနပ်မှုများ မြင့်မားနေခြင်းကြောင့် ဖြစ်သည်ဟု ထောက်ပြ ပြောဆိုခဲ့သည်။ ဤအကြမ်း ဖက်မှုများသည် ဆက်လက် ဖြစ် ပေါ်နေသော်လည်း ရပ်ပလာ၏ သတင်းတင်ပြမှုများကြောင့်– "ဒူတာတေးကိုထောက်ခံ တဲ့သူ တချို့က သူ့ကို အကာအကွယ်ပေးဖို့ တဖြည်းဖြည်းပိုခက်လာပြီဆိုတာ သိသွားကြ ပုံပဲ" ဟု Hofileña က ယုံကြည်သည်။

> **"ကျွန်မတို့က စာဖတ်ပရိတ်သတ်နဲ့ ထိတွေ့မှုရှိတယ်။ သူတို့ ဘာလိုအပ်တယ်၊ ဘယ်လောက်ထိ ဖတ်ရှုနိုင်သလဲ ဆိုတာ သိပါတယ်။**

ထိုသို့သော အခြေအနေ၌ ရပ်ပလာသည် ၎င်းတို့၏ ကိုယ်တိုင် စုံစမ်း ထောက်လှမ်း သတင်းတင်ဆက်မှု ကို အွန်လိုင်းသတင်းများအဖြစ် ဖန်တီးခဲ့ရာ ဆက်လက်အောင်မြင်ခဲ့ သည်။ "ဒါက သတ္တိရှိဖို့လိုတယ်" ဟု Hofileña ကခိုင်ခိုင်မာမာပြောသည်။ "ဘယ်လို ပတ်ဝန်းကျင်မျိုးမှာ မဆို စုံစမ်း ထောက်လှမ်းသတင်းအကြောင်းအရာတွေ တင်ဆက်ဖို့ အတွက် သတ္တိရှိဖို့လို တယ်။ သတင်းစာဆရာတွေက အဂတိလိုက်စားပြီး အကြမ်းဖက်မှု တွေကို ဖိတ်ခေါ်နေတယ်လို့ ဗြောင်ကျကျပြောနေတဲ့ သမ္မတတစ် ယောက်ရှိတဲ့ ဒီလို ပတ်ဝန်းကျင်မှာ သတ္တိရှိဖို့ ပိုတောင်လိုအပ်သေးတယ်။"

ရပ်ပလာတွင် စုံစမ်းထောက်လှမ်းသတင်းများ ရေးသားရန် သတင်းထောက် ၅ ဦးပါဝင် သည့် အဖွဲ့ငယ်တစ်ဖွဲ့သာရှိသော်လည်း ကျန်သတင်းထောက်များ အားလုံးကို စုံစမ်း ထောက်လှမ်း သတင်းများရေးသားရန် အားပေးထားသည်။ "ဒီမှာလက်ကိုင်ထားတဲ့ အယူ အဆက သင်သည် ရပ်ပလာက သတင်းထောက် မှန်ရင် စုံစမ်းထောက်လှမ်းသတင်းထောက်



ရှင်သန်ရပ်တည်ခြင်း– Maria Ressa

တစ်ယောက်ရဲ့ အရည်အသွေး တွေရှိလာမယ် ဒါမှမဟုတ် စုံစမ်းထောက်လှမ်း သတင်းထောက်တစ်ဦးဖြစ်လာဖို့ အလားအလာရှိတယ်။" ဟု Gloria က အတည်ပြု ပြောသည်။ နေ့စဉ်ကြားဖြတ် သတင်းများ၊ အတွင်းကျကျ စုံစမ်းထောက်လှမ်းသည့် သတင်းအကြောင်း အရာများသည် ရပ်ပလာ၏ ပံရိပ် အမှတ်အသားဖြစ်သောကြောင့် ထိုသို့ သတင်းများရေးသားရမည်ဖြစ်ကြောင်း သတင်း ထောက်များကို အလုပ်စဝင်ချိန် မှစကာ အသိပေးပြောကြားထားသည်။ ၎င်းတို့၏လူငယ်သတင်းထောက်များ သည် ထိုသို့သတင်းများရေးသားနိုင်ရန် ၎င်းတို့ ကိုယ်တိုင်ကပင် အရည်အချင်း ပြည့်ဝအောင် ကြိုးစားကြကြောင်း ရပ်ပလာ၏ ဝါရင့်သတင်းစာ ဆရာများက ချီးကျူးပြောဆိုသည်။ "ကျွန်မတို့က ကိုယ့်လူတွေကို ပြုစုပျိုးထောင်ရင်း ကိုယ့်ကိုယ်တိုင်ရဲ့ အနာဂတ်ကို တည်ဆောက်နေကြပါတယ်" ဟု Ressa ထပ်လောင်း အတည်ပြုသည်။ "ကျွန်မတို့က အသက် ၂၃ နှစ်လောက်ရှိတဲ့ ငယ်ငယ်ရွယ်ရွယ်လေးတွေကို သတင်းထောက်အနေနဲ့ စပြီး အလုပ်ခန့်ပါတယ်။ ကောလိပ်ကျောင်းပြီးခါစ ဒါမှမဟုတ် လုပ်ငန်းအတွေ့အကြုံ နည်းနည်း ပဲရှိသေး တဲ့သူတွေပေါ့" ဟု သင်တန်းတာဝန်ခံနှင့် စုံစမ်းထောက်လှမ်းသတင်း အဖွဲ့ ခေါင်းဆောင် Hofileña ကအမှတ်တရရှိဟန်နှင့် ပြောသည်။ "သူတို့က အရမ်း ပွင့်လင်း တယ်။ သင်ယူလိုစိတ်ရှိပြီး အကျင့်ဆိုးတွေမရှိဘူး။ သူတို့ကိုလေ့ကျင့် ပေးရတာလွယ် တယ်။ အခု သူတို့အားတက်လာတယ်။ ရဲရင့်လာတယ်။ အဲဒီလိုသတင်းတွေ တင်ပြဖို့ အားအင်ရှိလာတယ်။"

## လူမှုမီဒီယာ – RAPPLER ၏ မိတ်ဆွေ တစ်ဖြစ်လဲ ရန်သူ

ရပ်ပလာသည် အွန်လိုင်းပေါ်တွင် ဝေဖန်ထိုးနှက်ခံရသည့် ပြစ်မှတ်တစ်ခု ဖြစ်လာ ခဲ့ရာ ရုံးခန်း အရှေ့တံခါးမှလုံခြုံရေး အစောင့်အပြင် အသုံးပြုနေသည့်ဒစ်ဂျစ်တယ် ကွန်ယက် အတွက် အကာအကွယ်ကို ရှေ့တန်းမှ ကြိုးကြပ်ထားရသည်။ ဒစ်ဂျစ်တယ်လုံခြုံရေး အကြံပေးများက ဝန်ထမ်းများအား ဒစ်ဂျစ်တယ် ပစ္စည်းများ နှင့် ၎င်းတို့နှင့်ဆက်စပ် သုံးစွဲသည့်ပစ္စည်းများကို မည်သို့ လုံခြုံမှုရှိအောင်ကာကွယ် ရမည်ကို ပုံမှန် လမ်းညွှန် ပေးသည်။ ရပ်ပလာ၏ သတင်းထောက်များကို ၎င်းတို့၏ သတင်းရင်းမြစ်များနှင့် အွန် လိုင်းမှဆက်သွယ်ရာတွင် အန္တရာယ်ကင်းရန် မည်သို့ လုပ်ဆောင်ရမည်၊ မည်သည့် Chat app (ဆက်သွယ်ရေး အပလီကေးရှင်း) ကို အသုံးပြုရမည်၊ ကွန်ပြူတာအား



© L. Billing


**အထုတ်ပြင်ရန် အမြဲအသင့်– ရပ်ပလာသတင်းခန်း**

တိုက်ခိုက်ခံရလျှင် မည်သို့ရှင်းလင်းပစ်ရမည် စသည်တို့ကို သိရှိအောင် လေ့ကျင့်ပေး ထားသည်။ "ရုံးခန်းကို ကြမ်းပိုးမတက် အောင် မကြာခဏ တံမြက်စည်းလှည်းဖို့ ကျွန်မ တို့ကိုပြောထားတယ်။ ထိရှလွယ် တဲ့စကားတွေကျွန်မတို့မပြောဘူး။ ဒီမှာ အသေတပ် ဆင်ထားတဲ့ ပစ္စည်းမျိုးလည်း မရှိဘူး" ဟု Gloria ကဖြည့်စွက်ပြောသည်။ ဝန်ထမ်း အားလုံးသည် အလျင်အမြန် ဖြုတ်သိမ်း၍ရသော လက်ပ်တော့များကိုသာ ယူဆောင် အသုံးပြုကြသည်။

## "ကစာဖတ်ပရိတ်သတ်ကို ပိုမိုနားလည်သဘောပေါက်နိုင်ဖို့ စီးပွားရေး မော်ဒယ်တွေကို ပုံမှန်ပြောင်းလဲပေးရမယ်...

ရပ်ပလာ၏ တည်ထောင်သူများနှင့် သတင်းစာဆရာများသည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလက အပိုင်းသုံးပိုင်းပါ သတင်းတွဲများ ရေးသားတင်ပြမှု အပြီး နောက်တွင် "မျိုးချစ် ဝေဖန်ထိုးနှက်မှု" ဟု လူသိများလာသည့် အဖွဲ့၏ အွန်လိုင်း အမုန်းစကားမက်ဆေ့ချ်များ ပေးပို့ ခြင်းခံရသည့် ပစ်မှတ်ဖြစ်လာသည်။ ယင်းအဖွဲ့ သည် အစိုးရ၏ တရားဝင်လုပ်ငန်းဆောင်ရွက်ပုံများနှင့် မကိုက်ညီသည့် မည်သူ့ ကိုမဆို အသံတိတ်သွား အောင် ပြုလုပ်နိုင်စေရန် အစိုးရကပံ့ပိုးပေးထားသည့် အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ Ressa တစ်ဦးတည်း အနေနှင့်ပင် အချိန်တစ်နာရီအတွင်း အဓမ္မပြုကျင့်ရန်ခြိမ်းခြောက်ခံရခြင်း အပါအဝင် လူပုံပန်းသဏ္ဍာန်အား လှောင်ပြောင် ထားသည့် အမုန်းစကားစာတို ၉၀ အထိ ပေးပို့ခံရသည်။ သို့သော် ရပ်ပလာသည် ယင်းကို ခံစစ်အဖြစ် ပြင်ဆင်ထားယုံမျှမက ထို ပြဿနာကို ရင်ဆိုင်သည်။ "ကျွန်မတို့ လောက် အတိုက်ခိုက်ခံရရင် သဘောပေါက်လိုက်တော့၊ ဒီလိုအခြေအနေမှာ နေထိုင်ရင်းနဲ့ ဒါကို လေ့လာပြီး သဘောပေါက်လာတာပဲ" ဟု Ressa ကပြောသည်။ သို့ဖြစ်ရာ ရပ်ပလာဝန်ထမ်းများစုစည်း၍ ထိုတိုက်ခိုက်မှုများ မည်သည့်နေရာမှ လာသည်၊ လူမှုမီဒီယာသို့ မည်သည့်နေရာမှ မည်သို့ဖြန့်ဝေခြင်းကို ခြေရာခံရန် ကိုယ်ပိုင် ဒေတာဘေ့စ် ကို ဒီဇိုင်းရေးဆွဲကြသည်။ ရလဒ်အနေဖြင့် ဒူတာတေး အစိုးရသည် ရပ်ပလာဝန်ထမ်းများအပါအဝင် ဆန့်ကျင်သူများအား တိုက်ခိုက်ရန် လူမှုမီဒီယာမှ ဝေဖန်ထိုးနှက်မှုများ ပြုလုပ်နေပြီး ပြည်သူများအားလည်း အလားတူ လုပ်ဆောင်ရန် လှုံ့ဆော်ပေးမည့် သူများအား ငှားရမ်းထားသည်ကို တွေ့ရှိရသည်။

"ဖေ့စ်ဘွတ်က [ဝေဖန်ထိုးနှက်သူတွေ] တိုက်ခိုက်တဲ့နေရာ ဖြစ်တယ်။" ရပ်ပလာ၏ သတင်းများ စတင် ဖြန့်ဖြူးရာပလက်ဖောင်းဖြစ်သည့် ဆိုရှယ်မီဒီယာ ကွန်ရက်သည် အွန်လိုင်းခြိမ်းခြောက်မှုများ၏ အဓိက အရင်းအမြစ်ဖြစ်လာ ကြောင်း Ressa ကပြောသည်။ လွတ်လပ်စွာရှုမြင်ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် David Kaye က ရပ်ပလာနှင့် Ressa တို့ထိုး နှက်ခံရခြင်းအတွက် ဖေ့စ်ဘွတ် အနေဖြင့် အနည်းငယ် တာဝန်ယူမှုရှိသင့်ကြောင်း ပြောသည်။ အဘယ်ကြောင့်ဆိုသော် ဖေ့စ်ဘွတ်သည့ မိမိ၏မူဝါဒကို ထိန်းသိမ်း ရန်ပျက်ကွက်ခြင်း၊ ရပ်ပလာ၏ အကြိမ်ကြိမ်တောင်းဆိုမှုများရှိလင့်ကစား အကောင့်တုများနှင့် အကြမ်းဖက်မှုလှုံ့ဆော်သည့် အကောင့်များကို အချိန်နှင့် တစ်ပြေးညီ ဖယ်ရှားပေးခဲ့ရန် ပျက်ကွက်ခြင်းတို့ကြောင့်ဖြစ်သည်။ ယင်းကိစ္စ အတွက် Ressa သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလဆန်းပိုင်းကပင် ဖေ့စ်ဘွတ် နှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ထိုစဉ်က ဖေ့စ်ဘွတ်အသုံးပြုသူ ၃ သန်းကျော်ထံသို့ သတင်းမှားများနှင့် အကြမ်းဖက်မှုလှုံ့ဆော်မှုများကို ဖြန့်ဝေနေသည့် ဖေ့စ်ဘွတ်အကောင့် ၂၆ ခုကို ရပ်ပလာက ဖော်ထုတ်ထားပြီး ဖြစ်သည်။ "အင်တာနက်ရဲ့ အံ့ဘွယ်အကျိုးတွေကို ကျွန်မတို့မဆုံးရှုံးခဲ့ပါဘူး။ ဒါပေမဲ့ အခုချိန်မှာ အကြီးမားဆုံးပြဿနာက ဒီနယ်ပယ်မှာလုပ် ကိုင်နေတဲ့သူအများကြီးရှိပေမဲ့ အားလုံးလိုက်နာရမည့် မူမရှိဘူး။ အင်တာနက်က ကမ္ဘာကြီးကိုအခြေခံက ပြောင်းလဲလိုက်တယ်" ဟု Ressa က ပြောသည်။ ပိုမိုကြီးမားသည့်ခြိမ်းခြောက်မှုကိုပင် သူမကြုံတွေ့နေရသည်– "ကမ္ဘာမှာ ဒီမိုကရေစီဟာ ဆိုရှယ်မီဒီယာပေါ်က အပေါစားအုပ်စုတွေရဲ့ ဝေဖန်ထိုးနှက် တိုက်ခိုက်မှုကို ခံနေရတယ်။ ယခုအခါ ကျွန်မတို့ရဲ့ ဘဝတွေအပေါ် ဩဇာလွှမ်းနေတဲ့ အယ်လဂိုရီသမ်ကို နည်းပညာကုမ္ပဏီတွေက ကိုင်တွယ်နေ တယ်။ အဲဒါတွေကိုတည်ဆောက်သူတွေရဲ့ လိုလိုလားလား သဘောတူညီချက်နဲ့ အတူ အာဏာရှင်ဆန်တဲ့ခေါင်း ဆောင်တွေက ဒါကို လက်နက်အဖြစ် အသုံးပြု ကြတယ်။" သို့ရာတွင် ရပ်ပလာသည် နည်းပညာကိုလည်းကောင်း၊ လူမှုကွန်ရက် များ ကိုလည်းကောင်း ကျောခိုင်းမသွားပါ – ဆန့်ကျင်ဘက်ဖြစ်သည်။ "အခု ကျွန်မတို့က အစိုးရတစ်ရပ်ကို တိုက်ခိုက်နေယုံမျှ




© L. Billing

ဆန်းသစ်တီထွင်မှုနှင့် စုံစမ်းထောက်လှမ်းသတင်းအတတ်

မဟုတ်ဘူး။ ဒီမိုကရေစီကို ထိန်းသိမ်းပေးတဲ့ နည်းလမ်းတစ်ရပ်အနေနဲ့ နည်းပညာကို အသုံးပြုဖို့ ကြိုးစား နေတာပါ။ မသမာလူတွေက ဒါကိုသုံးတတ်မယ်ဆိုရင် ကျွန်မတို့က ဒီကွန်ရက် တွေကို ကောင်းတာလုပ်ဖို့အင်အားတစ်ရပ်အနေနှင့် ဘာကြောင့် မသုံးတတ် ရမှာလည်း” Ressa ကမေးခွန်းထုတ်လိုက်သည်။

ထိုသို့ဖြင့် ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် ရပ်ပလာသည် ဆိုရှယ်မီဒီယာစင်မြင့်ပေါ် မှ တိုက်ခိုက်နေမှုများကို တန်ပြန်တိုက်ခိုက်ရန် ကြိုးပမ်းသည့်အနေနှင့် ဖေ့စ်ဘွတ် နှင့် ပူးပေါင်းကာ ဒူတာတေးအား ထောက်ခံသူများ၏ကွန်ရက်က ထိန်းချုပ်ထား သည့် အကောင့်တုများကို ဖော်ထုတ်ခဲ့သည်။ ဖေ့စ်ဘွတ်ပေါ်မှ သတင်းမှားများ ကိုဖြန့်ဝေမှုကို ဖော်ထုတ်၊ တားဆီးရန်အလို့ငှာ ၎င်းတို့သည် ဖိလစ်ပိုင်လွတ်လပ် သော အကျိုးအမြတ်မရှာသည့် မီဒီယာအဖွဲ့အစည်း ဖြစ်သည့် Vera Files နှင့်အတူ ဖေ့စ်ဘွတ်ပေါ်မှသတင်းအကြောင်းအရာများကို ပြန်လည်သုံးသပ်ခြင်း၊ အချက် အလက်များကို စစ်ဆေးခြင်း၊ တိကျမှု အဆင့်သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ သည်။ “အပြောင်းအလဲတွေ စဖြစ်လာပြီလို့ကျွန်မထင်ပါတယ်။ အဲဒီဆွေးနွေးမှု တွေထဲမှာ ကျွန်မတို့လည်းပါနေတယ်။ ကျွန်မတို့လုပ်သမျှ အခုအရေးပါလာပြီ ဖြစ်လို့ စိတ်လှုပ်ရှားစရာပဲ။ ဒါကတကယ့်ကို အားတက်စရာပါပဲ” ဟု Ressa က ထုတ်ဖော် ပြောကြားသည်။

## ပေါ့ပါးသွက်လက်သော စီးပွားရေးပုံစံတစ်ရပ်

ရပ်ပလာလုပ်ငန်းကို အများစုပိုင်ဆိုင်သူများမှာ ၎င်း၏သတင်းစာဆရာများ ဖြစ်ကြသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အစုရှယ်ယာများဝယ်ယူခွင့်ရှိသည်။ သို့ရာတွင် ကုမ္ပဏီစည်းကမ်းချက်များအရ လက်ရှိရှယ်ယာရှင်များသည် ထိုအစုရှယ်ယာများကို ဦးစွာဝယ်ယူခွင့်ရှိသည်။ “ရှယ်ယာရှင်တစ်ယောက်က သူ့ရဲ့ရှယ်ရာတွေကို ရောင်းဖို့ ဆုံးဖြတ်တယ် ဆိုပါစို့၊ လက်ရှိရှယ်ယာရှင်တွေမှာ ဦးဆုံးငြင်းပယ်ခွင့်ရှိပါတယ်။ အပြင်လူတစ်ယောက်က ရှယ်ယာဝယ်ဖို့ စိတ်ဝင်စားတယ်ဆိုရင် ရှယ်ယာရှင်အများစုက သဘောတူခွင့်ပြုရမယ်။ အလားတူပဲ သင့်ရှယ်ယာ တွေကို အခြားသူတွေရဲ့ ခွင့်ပြုချက်မရဘဲ ရောင်းခွင့်မရှိဘူး” ဟု Gloria ကပြောသည်။ ရပ်ပလာ၏ နှစ်ရှည်ဝန်ထမ်းများသည်လည်း စတော့ရှယ်ယာ ဝယ်ယူခွင့်ရှိသည်။

> “ကခက်ခဲတဲ့နိုင်ငံရေးအခြေအနေမှာ လုပ်ငန်းကြီးထွားလာဖို့ တစ်ခြား ဘာတွေထပ်ပြီး လုပ်ရမလဲ ဆိုပြီး ကျွန်မတို့စဉ်းစားကြည့်တယ်။ ကျွန်မတို့မှာ ဒေတာသိပ္ပံရှိတယ်၊ အဖွဲ့သားတွေရှိတယ်။ အဲဒါတွေက ကျွန်မတို့ရောင်းလို့ရတဲ့ အရာတွေပါ။ ဒါကြောင့် ကျွန်မတို့တစ်ခြား ရွေးချယ်စရာ နည်းလမ်းတွေ စဉ်းစားနေပါတယ်။… အသစ်ဆန်းတွေ အတွက် နောက်ထပ်စိတ်လှုပ်ရှားဖို့ လိုအပ်တယ်။

မီဒီယာအဖွဲ့အစည်းသည် ကြော်ငြာ၊ ထောက်ပံ့ကြေး၊ ဒေတာများ ပံ့ပိုးပေးခြင်း နှင့် အသင်းဝင်ဖြစ်ခြင်းတို့မှ ဝင်ငွေရရှိမှုအပေါ် မှီခို အားထား နေရသည်။ လွန်ခဲ့သောနှစ်များက ရပ်ပလာသည် ကြော်ငြာ ဝင်ငွေလမ်းကြောင်းတစ်ခု တည်းအပေါ်သာ မှီခိုရပ်တည်ရခြင်းမဖြစ်စေရန် ၎င်း၏စီးပွားရေးပုံစံ မျိုးစုံအောင် လုပ်ဆောင်ခဲ့သည်။ ထို့အပြင် သတင်းလုပ်ငန်းလည်ပတ်မှုနှင့် စီးပွားရေး ဝန်ဆောင်မှု များအကြား၊ ဥပမာ PR video ကို စီးပွားရေးဖောက်သည်များထံ ပေးခြင်းကဲ့သို့သော မဟာ တံတိုင်းကြီး ခြားနေသည်။ ၂၀၁၆ ခုနှစ်ကိုကြည့်လျှင် ၎င်းတို့သည် ငွေကြေးပြတ်လပ်လုနီးပါး ဖြစ်ခဲ့သည်။ ထိုနှစ်တွင်ပင် ၎င်းတို့သည် ဒူတာတေးအစိုးရ၏ တိုက်ခိုက်မှုခံခဲ့ရသည်။ Gloria ၏အဆိုအရ စာဖတ် ပရိတ်သတ်များကို ပိုမိုနားလည်ရန် စီးပွားရေးပုံစံကို ပုံမှန်ပြောင်းလဲ လာခဲ့ရသည် – “ကျွန်မတို့ဆီမှာရှိတဲ့ ဒေတာအချက်အလက်တွေကြောင့် သူတို့က ဒီဆိုက်ကို သုံးတာ မြဲနေကြတယ်။ ကျွန်မတို့က လူထု–ဈေးကွက်ဆန်တဲ့ သတင်းအဖွဲ့ အစည်းတစ်ခု မဟုတ်ပါဘူး။ သူတို့က ရပ်ပလာဆိုတဲ့အမှတ်တံဆိပ်ကြောင့်သာ လာသုံးကြတာကို ကျွန်မတို့ သိပါတယ်။ ဒါကလည်း ကျွန်မတို့လိုလားတဲ့ စာဖတ်သူပရိတ်သတ်တွေပါပဲ”

အရည်အသွေးမြင့်မားသည့် စုံစမ်းထောက်လှမ်းသတင်းတင်ဆက်မှုများ၊ အစိုးရ၏ အာဏာအလွဲသုံးစားပြုလုပ်မှုရှိ–မရှိ စစ်ဆေးခြင်း၊ ကြားဖြတ် အရေးကြီးသတင်းတင်ဆက်နိုင်ခြင်းတို့သည် ၎င်းတို့အောင်မြင်မှု၏ အချက်အခြာဖြစ်ကြောင်း Hofileña က ပြောပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ယခင်က စုံစမ်းထောက်လှမ်း သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ကိုလံဘီယာတက္ကသိုလ်ရှိ စုံစမ်းထောက်လှမ်း သတင်းအတတ်ပညာဗဟိုဌာန ညွှန်ကြားရေးမှူးဖြစ်သူ Sheila Coronel က "ရပ်ပလာကတော့ ရွှေတွင်းထဲက စာဝါငှက်ကလေးလိုပဲ။ ဖိလစ်ပိုင်မှာ သူဟာ ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာ စစ်စစ်ပေါက်ပေါက် ရှာဖွေအပုပ်ချတဲ့ သတင်းပညာရဲ့ နောက်ဆုံး ခေတ်မီတဲ့သူဖြစ်ပါတယ်။" ဖြည့်စွက်ပြောကြားခဲ့သည်။"

ဖြစ်ချင်တော့ ဒူတာတေး၏တိုက်ခိုက်မှုက ရပ်ပလာ၏ ပုံရိပ်ကို ကမ္ဘာကျော် ဖြစ်စေခဲ့သည်။ အဖွဲ့အစည်းကိုတည်ထောင်သူများက မိမိတို့ရရှိတဲ့ ဖိအားတွေကို အခွင့်အလန်းသစ်များအဖြစ် ပြောင်းလဲခဲ့ကြတယ်။ "ခက်ခဲတဲ့နိုင်ငံရေးအခြေအနေမှာ လုပ်ငန်းကြီးထွားလာဖို့ တစ်ခြားဘာတွေ ထပ်ပြီး လုပ်ရမလဲကျွန်မတို့ စဉ်းစားကြည့်တယ်။ ကျွန်မတို့ဆီမှာ ဒေတာသိပ္ပံရှိတယ်၊ အသင်းဝင်တွေရှိတယ်။ အဲဒါတွေက ကျွန်မတို့ရောင်း နိုင်တဲ့အရာ တွေဖြစ်တယ်။ ဒါကြောင့် ကျွန်မတို့တစ်ခြားရွေးချယ်စရာ နည်းလမ်းတွေစဉ်းစားနေပါတယ်။ … အသစ်ဆန်းတွေအတွက် နောက်ထပ် စိတ်လှုပ်ရှားဖို့ လိုအပ်တယ်။" ဟု Gloria ကပြောသည်။ အစိုးရက ရပ်ပလာ ၏လိုင်စင်ကို ရုပ်သိမ်းသည့်အခါ ရန်ပုံငွေများ စုပုံရရှိလာခဲ့သည်။ ၂၀၁၉ ခုနှစ်ဆန်း ပိုင်းက ၎င်းသည် RapplerPlus အစီအစဉ်ကို မိတ်ဆက်ခဲ့သည်။ ၎င်းသည် သတင်း ဝယ်ယူဖတ်ရှုသူများသည် အသင်းဝင်ထားခြင်းဖြင့် Ressa၊ ကျွမ်းကျင်သူများ၏ ဖိုရမ်များ၊ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် စုံစမ်းထောက်လှမ်း သတင်းတင်ဆက်မှုများမှ အသေးစိတ်လေ့လာ သုံးသက်ချက် နှင့် တိုက်ရိုက်အစီရင်ခံချက်များကို ရရှိနိုင်သည့် စနစ်ဖြစ်သည်။

## ရှေ့ခရီးလမ်း

ရပ်ပလာအနေဖြင့် ဖိလစ်ပိုင်နိုင်ငံတွင် စုံစမ်းထောက်လှမ်း သတင်း အတတ်ပညာ ကြီးထွားတိုးတက်လာစေရန်အတွက် ကြိုးစား ဆောင်ရွက် နေစဉ်၊ ယှဉ်ပြိုင်မှုများကိုလည်း ကြိုဆိုသည်။ "ဒီရေခံမြေခံ၊ ဒီအစိုးရနဲ့ဆို ပြိုင်ဘက်တွေကြီးထွားလာဖို့ အခက်ပဲ" ဟု Gloria ကဝန်ခံခဲ့သည်။ "ယှဉ်ပြိုင်တာက ကောင်းပါတယ်။ ဒီမှာက တော်တဲ့သူတွေ အများကြီးပဲ။ အာရှတိုက်မှာ ရင်းနှီးမြှုပ်နှံမှုတွေ အများကြီးရှိပါတယ်။" ရပ်ပလာသည် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာ မြို့တွင်လည်း ဗျူရိုတစ်ခုဖွင့်လှစ်ထားပြီး ၎င်း၏ ဝက်ဆိုက်တွင် ယင်းအတွက်ကဏ္ဍတစ်ခုပါရှိ သည်။ "အရှေ့တောင် အာရှမှာ ကျွန်မတို့ရှိတယ်ဆိုတာ သိရှိခံစားစေချင်လို့ အဲ့ဒီတိုင်းငံတွေထိ လက်လှမ်းမီသွားချင်တယ်။" ဟု သူမက ဖြည့်စွက်ပြောကြားသည်။

> "ဆိုရှယ်မီဒီယာကွန်ယက်များနှင့် သတင်းမှားများကို ဖြန့်ဝေနေသည့် အကောင့်တုများအကြား ချိတ်ဆက်မှုများကို စုံစမ်းထောက်လှမ်းမှုများသည် အာဏာအလွဲသုံးစားမှု၏ သက်သေဖြစ်ကြောင်း ရပ်ပလာသတင်းထောက်များက သိနားလည်ထားသည်။

ခက်ခဲသည့်အခြေအနေမျိုး၌ပင် – သို့မဟုတ် ၎င်းတို့အား ရပ်ပလာ၏ တုန့်ပြန် ပုံကြောင့်လည်း ဖြစ်နိုင်သည် – အနာဂတ်သည် စိန်ခေါ်မှုများရှိသလို အလား အလာကောင်းနေသည်။ "အမွေဆက်ခံထား တဲ့မီဒီယာလုပ်ငန်းကိုပိုင်ဆိုင် လည်ပတ်နေတဲ့ စီးပွားရေးလုပ်ငန်း ကြီး တွေနဲ့အဆက်အစပ်မရှိလို့ ရပ်ပလာက ထူးခြားပါတယ်။ ဒါကြောင့် လည်းသူက ပိုလွတ်လပ်ပြီး ပိုယုံကြည်စိတ်ချ ရပါတယ်" ဟု Coronel က ယုံကြည်သည်။ "ဒါကြောင့် ဒူတာတေးကို ယှဉ်ပြီး ရပ်တည်နိုင်တယ်" အထူးသဖြင့် ဖိလစ်ပိုင်နိုင်ငံမျိုး၌ အရည်အသွေးမြင့်မီဒီယာ သည် အရေးကြီးသော အခန်းကဏ္ဍတွင် ရှိသည် ဟု Gloria ကဖြည့်စွက် ပြောကြားသည်။ "နိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ တရားစီရင်ရေးတို့မှာ အားနည်းတဲ့ နိုင်ငံတစ်နိုင်ငံမှာ အမှန်တရားကို ပြောပြပေးတဲ့ အိမ်စောင့်ခွေးရှိဖို့လိုတယ်။ ကိုလိုနီလက်အောက်ခံနှစ်များကတည်းက ဖိလစ်ပိုင် မီဒီယာသည် အာဏာရှင်အစိုးရကို ဖြုတ်ချကာ အစိုးရအပြောင်းအလဲ ဖြစ်စေတဲ့ အရေးကြီးတဲ့အခန်း ကဏ္ဍမှာ ပါဝင်တယ်" သမိုင်းအစဉ် အဆက် တက်ကြွလှုပ်ရှားသည့် ဖိလစ်ပိုင် မီဒီယာ၏ သဘောသဘာဝကို ဒူတာတေးက လျှော့တွက်ထားသည်၏ဟု သူမက အခိုင်အမာ ပြောဆိုသည်။ "ရပ်ပလာ ကို တော်လှန်ရေးထွက်ကုန်ဖြစ်တဲ့ အမျိုးသမီးတွေ ဦးဆောင်နေတာပါ။ (ဖာဒီနန်) မားကို့စ် ပြုတ်တော့ ကျွန်မတို့ ကောလိပ်ကထွက်ခဲ့တယ်။ ဒါကြောင့် အာဏာရှင်အစိုးရ အဆုံးသတ် သွားချိန်မှာ နိုင်ငံရေးလွတ်လပ်ခွင့်အကျိုးကျေးဇူးတွေ ခံစားရတယ်။ ဘယ်လိုလုပ်ရင် ကျွန်မတို့ပြန်ဆုံးရှုံးရမှာကို သိတယ်။ – ဒါကြောင့်ကျွန်မတို့ အဲလိုအဖြစ်မခံဘူး" Gloria ကပြောသည်။

လက်ရှိပြဿနာများအား နည်းပညာအကူအညီ၊ နိုင်ငံတကာအသိုင်း အဝိုင်း၏ ပံ့ပိုးမှုနှင့် အထူးသဖြင့် ၎င်းတို့ကိုယ်ပိုင်သန္နိဋ္ဌာန်ချမှတ်ခြင်းအားဖြင့် ဖြေရှင်း နိုင်မည်ဟုလည်း Ressa ကသေချာစွာ ယုံကြည်သည်။ "ဒေတာအချက်အလက် ကမ္ဘာမှာ ကျွန်မတို့ လုပ်ဆောင်ပုံနည်းလမ်းနှင့် သင်ရှင်သန်လာရင်တော့ ကမ္ဘာကြီးမှာ ဘယ်လိုလုံးဝခြားနားတဲ့ နည်းလမ်းနဲ့ လုပ်ကိုင်နေတယ်ဆိုတာ သင်တို့နားလည်မှာပါ။ ဒါတွေ ပြေလည်သွားမယ်လို့ ကျွန်မသိတယ်။ ဒါကြောင့် ဒါကို ကျွန်မတို့ ထောက်ခံတယ်" ဟု သူမက ပြောသည်။ ကိုယ်ရေးကိုယ်တာ အဆင့် အနေနှင့်သူမကထပ်ပြောသည်မှာ –"ကျွန်မရဲ့ အလုပ်အကိုင်ရဲ့ အဆုံးသတ်နားရောက်မှ ခေါင်းရှောင်နေမယ်ဆိုရင် ကျွန်မလုပ်ခဲ့တာတွေ အားလုံးက အဓိပ္ပါယ်မဲ့ နေမယ်။ ဒါကြောင့် အခု မတ်မတ်ရပ်တည်ဖို့လိုပြီ။ ကျွန်မတို့က ရပ်ပလာ ပါ။ ဒါက ကျွန်မတို့ရဲ့လုပ်ရမည့်အရာပါ။"



စာရေးသူ
Lynzy Billing သည် ဗြိတိန် နိုင်ငံဆောင်းပါးနှင့် စုံစမ်းထောက်လှမ်း သတင်းစာဆရာတစ်ဦး ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ၊ မနီလာ မြို့တွင် အခြေစိုက်ကာလူမှုယဉ်ကျေးမှု စီးပွားရေးနှင့် နိုင်ငံရေးကိစ္စများကို အထူးသဖြင့် အမျိုးသမီးများ၏ အခွင့်အရေးကို အလေးထားကာ ဓာတ်ပုံရိုက်ခြင်း၊ သတင်းတင်ဆက်ခြင်းတို့ ပြုလုပ်လျှက်ရှိသည်။

# တမ်ပို၊ အင်ဒိုနီးရှား
# ကာကွယ်ထိုက်သည့် ဂုဏ်အင်လက္ခဏာ

နှစ်ပေါင်း ၄၈ နှစ်ကြာ အစွန့်ရှည်တည်တံ့ခဲ့သည့် အင်ဒိုနီးရှား နိုင်ငံ၏ တမ်ပို အပတ်စဉ်မဂ္ဂဇင်းသည် ယခုထက်တိုင် ရှင်သန်ရပ်တည်နေနိုင်သည့် မီဒီယာ အဖြစ် သက်သေထူလျက် ရှိသည်။ ၎င်းသည် နိုင်ငံရေးဖိနှိပ်မှုများနှင့် ကိုယ်ကျိုး စီးပွားအတွက်ရပ်တည်သည့် အင်အားကြီးကုမ္ပဏီ များ၏ ရေရှည် တိုက်ခိုက်မှု များအကြားမှ စုံစမ်းထောက်လှမ်းရေးသားမှုတွေကို ဆက်လက်လက်ကိုင် နေသည်။ လျို့ဝှက်ချက်ကား – ခိုင်မာသည့် လွတ်လပ်စွာရေးသားဖော်ပြလိုသော စိတ်ဓာတ်၊ လူငယ်သတင်းစာဆရာများအား သေချာစွာ လေ့ကျင့်သင်ကြားပေးမှု နှင့် ယနေ့ခေတ် သတင်းအချက်အလက် စီးဆင်းမှုတွေအကြား ရှင်းလင်းစွာ လုပ်ဆောင်နိုင်ခြင်းကြောင့်ဖြစ်ပါ သည်။

အင်ဒိုနီးရှားနိုင်ငံရှိ အခြားသောမီဒီယာများ ၏ သတင်းအစီအစဉ်များကို ရပ်တည်ရှင်သန်ရေး ခေါင်းစဉ်အောက်၌ ကြော်ငြာက ရတဲ့ဝင်ငွေဖြင့် ပိုမိုရပ်တည် လာကြချိန်တွင် တမ်ပိုသည် ကုမ္ပဏီအတွင်း သတင်းခန်းနှင့် စီးပွားရေးဌာန ခွဲများ အကြား စည်းခြားထားသည့် "မီးတံတိုင်း" ပေါ်တွင် ကြံ့ကြံ့ခံရပ်တည် နေသည် ။ ဤရဲရင့်မှုသည် တမ်ပို၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်ပြီး ဂုဏ်ယူစရာ အရင်းအမြစ်တစ်ခုဖြစ်သည်။ ယင်းကို တမ်ပိုသတင်းခန်းမှ တစ်ဦးတစ်ယောက် စီတိုင်းက ၎င်းတို့၏အပတ်စဉ် မဂ္ဂဇင်း ၊ နေ့စဉ်သတင်းစာနှင့် အွန်လိုင်းသတင်း များတွင် ဝေမျှထားသည်။ "အဲဒီလို စီးပွားတွက်တွက်တတ်တဲ့သူတွေကို သတင်းခန်းထဲမှာ ဝင်ပါလို့မရအောင် ပိတ်ပင်ထားဖို့ ကျွန်မတို့ အမြဲကြိုးစား ပါတယ်" ဟု နိုင်ငံတကာသတင်းအစီအစဉ်မှ အယ်ဒီတာဖြစ်သူ Abdul Manan ကပြောကြားသည်။ "ဒီလို ခိုင်မာတဲ့ စာရိတ္တကို တမ်ပိုရဲ့ သတင်းခန်းထဲမှာ၊ နေ့စဉ်လုပ်ငန်းလည်ပတ်ဆောင်ရွက်နေ ချိန်မှာ၊ အစည်းအဝေးတွေမှာ၊ စကားတွေပြောကြတဲ့အခါမှာ ဒီတန်ဖိုးကို တစ်ဦးကိုတစ်ဦးပေးရင်းနဲ့ ဖွံ့ဖြိုးစေခဲ့ပါတယ်။ (သတင်းခန်း) လွတ်လပ်ခွင့်အယူအဆကို ဒီနည်းနဲ့ အမွေဆက်ခံခဲ့ပါတယ်။"

Manan အမြဲအမှတ်ရသည့် အဖြစ်အပျက်တစ်ခုရှိသည်။ ၂၀၀၆ ခုနှစ်၊ ဧပြီလက အင်ဒိုနီးရှားအစိုးရနှင့် The Hok Bing ဟုအမည်ရသည့် ပုဂ္ဂလိက ကုမ္ပဏီတစ်ခု တို့အကြား အစိုးရပိုင်ပစ္စည်း အငှားစာချုပ်နဲ့ ပတ်သက်တဲ့ကျော်မကောင်း ကြားမကောင်း အဖြစ်အပျက် တစ်ခုအကြောင်း ဖော်ထုတ်ရေးသားထားတဲ့ စုံစမ်းထောက်လှမ်းသတင်းကို အခန်းဆက် ရေးသားထုတ်ဝေခဲ့သည်။ တုန့်ပြန်သည့်အနေနှင့် The Hok Bing သည် တမ်ပို၏သတင်းကို ငြင်းဆိုသည့် ၈ မျက်နှာစာ ကြော်ငြာဆောင်းပါး တစ်ပုဒ်ကို ရေးသား၍ တမ်ပိုတွင်ထည့် သွင်းပေးရန် ကြော်ငြာ အေဂျင်စီ တစ်ခုအား ငှားရမ်းခဲ့သည်။ ကြော်ငြာခ အနေနှင့် ရူပီး သန်း ၅၀၀ ( ၃၁,၂၅၀ ယူရိုခန့်) ဖြစ်သည်။ ကြော်ငြာဆောင်းပါး များသည် တမ်ပိုအတွက် အစိမ်း သက်သက်တော့ မဟုတ်။ သို့သော် ဤတစ်ကြိမ်၌ တမ်ပို၏သတင်းခန်းထဲမှ ဝန်ထမ်း အားလုံးလိုလိုဒေါသထွက်ကြသည်။ ၎င်းတို့ကုမ္ပဏီသည် မိမိသတင်းစာဆရာက စုံစမ်းထောက်လှမ်းထားသူ တစ်ဦးတစ်ယောက်ထံမှ ငွေယူရန် ကြိုးပမ်းသည်ဟု ယုံကြည်ကြသောကြောင့် ဖြစ်ပါသည်။ တမ်ပိုသည် မိမိ၏ဂုဏ်သိက္ခာနှင့် သတင်းလွတ်လပ်ခွင့်ကို အကျိုးအမြတ်အတွက် ရောင်းစားသည်စွပ်စွဲကာ ဝန်ထမ်းများက ပွင့်ပွင့် လင်းလင်း ဆန္ဒပြ ကြသည်။

ဌာနတွင်းစုံစမ်းစစ်ဆေးမှုများအပြီးတွင် ကွန်ပျူတာချို့ယွင်းမှုကြောင့် အယ်ဒီတာချုပ်သည် ထိုကြော်ငြာဆောင်းပါးစာမူအား ထုတ်ဝေခြင်း မပြုမီဖတ်ခွင့်မရလိုက်ကြောင်း ရှင်းလင်းစွာသိခဲ့ကြသည်။ သို့ရာတွင် သတင်းခန်းနှင့် အရောင်းမြှင့်တင်ရေးဌာနတို့မှ တာဝန်ကျဝန်ထမ်း များအား "နမော်နမဲ့နိုင်မှုကြောင့်" စီမံအုပ်ချုပ်ရေးအဖွဲ့က အရေးယူခဲ့ရသည်။ ဝန်ထမ်းအချို့ လစာဖြတ်ခံရသည်။ တစ်ပတ်အကြာ၌ အယ်ဒီတာချုပ်က ၎င်း၏အယ်ဒီတာ့အာဘော်တွင် ထိုကြော်ငြာအား သတိမပြုမိဘဲ ထည့်သွင်းခဲ့မိကြောင်း စာဖတ်သူများအား တောင်းပန်ကာ ထိုကြော်ငြာ ဆောင်းပါးအတွက် ကြော်ငြာထည့်သွင်းခကို တမ်ပို က လက်မခံခဲ့ကြောင်း အတည်ပြုပေးခဲ့သည်။

ဤဇာတ်လမ်းအဆုံးသတ်ကို တမ်ပို၏မျိုးဆက်သစ်များထံ လက်ဆင့် ကမ်းပြောကြားခဲ့ကြပြီး တမ်ပို၏တန်ဖိုးကို မည်သည့်အခါမျှ အပေးအယူလုပ်၍မရကြောင်း သတင်းခန်းဝန်ထမ်းများအတွက် ခိုင်မာသည့် နမူနာတစ်ရပ်အဖြစ် ပြသခဲ့သည်။




© Z. Yamani
Tempo ရုံးပြင်ပ

## အစကပင် စိတ်နှလုံးခိုင်မာကြသူများ

ဤလွတ်လပ်စွာရေးသားဖော်ထုတ်ရေးစိတ်ဓာတ်သည် ဤမီဒီယာ ဌာန စတင်တည်ထောင်စဉ်ကပင် အစပြုခဲ့သည်။ တမ်ပိုကို ၁၉၇၁ ခုနှစ်တွင် စာရေးဆရာ၊ အနုပညာရှင်နှင့် သတင်းစာဆရာအချို့တို့က ဂျကာတာ မြို့တွင် တည်ထောင် ခဲ့ကြသည်။ ယင်းမတိုင်မီတစ်နှစ်က ပူးတွဲတည်ထောင်ခဲ့သူ Goenawan Mohamad နှင့် Fikry Jufri တို့ဦးဆောင်ပြီး Ekspres မဂ္ဂဇင်းကို ထူထောင်ခဲ့ပြီး ဖြစ်သည်။ ၆ လအကြာတွင် ၎င်းတို့အား Ekspres ၏ရှယ်ယာဝင်အများစုတို့က အလုပ်ဖြုတ်လိုက် သည်။ Mohamad ကအခြားမီဒီယာတစ်ခုတွင် ရှယ်ယာရှင် တစ်ဦးပါဝင်သည့် နိုင်ငံရေးလှုပ်ရှားမှုတစ်ရပ်အား ဝေဖန်သည့်သဘောထား ဆောင်းပါးတစ်ပုဒ်ကို ရေးသားခဲ့သောကြောင့်ဖြစ်သည်။ တမ်ပို အပတ်စဉ်မဂ္ဂဇင်း၌ ရင်းနှီးမြှုပ်နှံထားသူများအား Mohamad နှင့် Jufriတို့က တောင်းဆိုသည့် အာမခံချက်များအနက်တစ်ခုမှာ သတင်းခန်းသည် မည့်သည့်စီးပွားရေး လုပ်ငန်း၊ နိုင်ငံရေးအကျိုး စီးပွားတစ်ရပ်ရပ်၏ လောင်းရိပ်အောက်တွင် မရှိဘဲ လွတ်လပ်မှု ရှိစေရေး ဖြစ်သည်။ အကြိမ်ကြိမ်ဆွေးနွေးမှုများအပြီးတွင် တမ်ပိုအား တည်ထောင်သူအားလုံးတို့သည် အယ်ဒီတာမူဝါဒအား ကုမ္ပဏီက ဝင်ရောက် စွက်ဖက်ခွင့်မရှိ ဟု သဘောတူညီခဲ့ ကြသည်။

**"တမ်ပို အပတ်စဉ်မဂ္ဂဇင်း၌ ရင်းနှီးမြှုပ်နှံထားသူများအား Mohamad နှင့် Jufriတို့က တောင်းဆိုသည့် အာမခံချက်များအနက်တစ်ခုမှာ သတင်းခန်းသည် မည့်သည့်စီးပွားရေး လုပ်ငန်း၊ နိုင်ငံရေး အကျိုးစီးပွားတစ်ရပ်ရပ်၏ လောင်းရိပ် တွင်မျှမရှိဘဲ လွတ်လပ်မှုရှိ စေရေးဖြစ်ပါသည်။**







သို့ရာတွင် ၎င်းတို့သည် အာဏာရှင်အစိုးရနှင့် ရုန်းကန်နေရဆဲ ဖြစ်ပါသည်။ ၁၉၈၂ ခုနှစ်တွင် အစိုးရသည် ၎င်းတို့အားဝေဖန်သည်ဟု စွပ်စွဲကာ တမ်ပိုအား ထုတ်ဝေခွင့် မကြာခဏ ပိတ်ခဲ့သည်။ ဝေဖန်မှု ရပ်တံ့ပါမည် ဟု ဝန်ခံကတိပြုပြီး မှသာ ၎င်းတို့၏ ထုတ်ဝေခွင့်ပါမစ် ပြန်လည်ရရှိလေ့ရှိသည်။ သို့ရာတွင် တမ်ပိုအနေနှင့် စုံစမ်းထောက်လှမ်းသည့် နည်းလမ်းကို အသုံးပြုကာ အတွင်းကျကျ နှိုက်ချွတ်ရေးသားသည့် သတင်းအကြောင်းအရာများ ထုတ်ဝေနေဆဲ ဖြစ်သည်။ ၁၉၉၄ ခုနှစ်၊ ဇွန်လတွင် တမ်ပိုသည် အစိုးရက အရှေ့ဂျာမနီ (ယခင် ဂျာမန် ဒီမိုကရက်တစ်သမ္မတနိုင်ငံ GDR) မှ တစ်ပတ်ရစ် စစ်သင်္ဘော ၃၉ စင်းဝယ်ယူခဲ့သည့် သတင်းအကြောင်းအရာ တစ်ပုဒ်ကို ထုတ်ဝေခဲ့သည်။ ဒီသတင်းကြောင့် သမ္မတ ဆူဟာတိုသည် တမ်ပိုအား ဒေါသထွက်ပြီး တမ်ပိုအား အပြီးတိုင်ပိတ်သင့်သည်ဟု ဆုံးဖြတ်ခဲ့သည်။ တမ်ပိုသည် ထိုအမှုကို ဂျကာတာခရိုင်တရားရုံး၌ ရင်ဆိုင်ခဲ့ရပြီး အဆုံးမှာ အပြစ်မရှိကြောင်း ဆုံးဖြတ် ခဲ့သော်လည်း အစိုးရက တရားလွှတ်တော်၌ အယူခံဝင်ခဲ့ရာ ဆုံးဖြတ်ချက်ပြောင်းလဲသွားသည်။ တမ်ပိုဝန်ထမ်းအားလုံး အလုပ်ပြုတ် သွားသည်။ အချို့က အခြားမီဒီယာကုမ္ပဏီများတွင် ဝင်ရောက် လုပ်ကိုင်ကြသည်။ အချို့က တရားမဝင် ရေးသားထုတ်ဝေခြင်းတွေ ပြုနေတဲ့ မဂ္ဂဇင်းတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ကြသည်။ ဒီမဂ္ဂဇင်းဟာ ၁၉၉၅ ခုနှစ်တွင် တည်ထောင်ခဲ့ သည့် Tempointeraktif.com ဟုခေါ်သည့် တရားဝင်တစ်ပိုင်း အွန်လိုင်းမီဒီယာခွဲ တစ်ခုအဖြစ်နဲ့လည်း သတင်းတွေ ရေးသားနေသည့် လုပ်ငန်းလည်း ပါဝင်သည်။ ၁၉၉၈ ခုနှစ်၊ မေလ ဆူဟာတို အာဏာက ဆင်းပေးရပြီး ခြောက်လအကြာတွင် တမ်ပို အပတ်စဉ်မဂ္ဂဇင်း ပြန်လည် မွေးဖွားလာပြီး သစ္စာရှိသည့်စာဖတ် ပရိတ်သတ်များက ပြန်လည် ကြိုဆိုခဲ့ ကြသည်။

## စုံစမ်းထောက်လှမ်းသတင်းများ၏ အောင်မြင်မှု

တမ်ပိုအား တည်ထောင်သူများသည် သတင်းအကြောင်းအရာများ ကို တင်ပြရာ၌ ဖြစ်စဉ်သာမက နောက်ခံသမိုင်းနှင့် အကြောင်းအရာပါ ရေးသားတင်ပြနိုင်ရန် ရည်ရွယ်သည်။ ၎င်းတို့က ဒါကို သတင်းနောက်ကွယ်မှ စတိုရီဟု အမည် ပေးထားသည်။ ဤနိယာမကို အခြေခံ၍ တမ်ပိုတွင်ဖော်ပြသည့် သတင်း အကြောင်းအရာများသည် တစ်ဖြည်းဖြည်းနှင့်ပို၍ စုံစမ်းထောက်လှမ်းမှု ပုံစံမျိုး ဆန်လာသည်။ တမ်ပိုကုမ္ပဏီ၏ ညွှန်ကြားရေးမှူးနှင့် အယ်ဒီတာချုပ် ဖြစ်သူ Wahyu Dhyatmika, a.k.a Komang ၏ အပြောအရ ဤစိတ်ဓာတ်သဘောထား များဖြင့် တမ်ပို၏သတင်းထောက်များသည် အစိုးရနှင့် စစ်တပ်မှ အဆင့်မြင့် အရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တက်ကြွလှုပ်ရှားသူများ၊ သတင်းပေးများ၊ အနုပညာရှင်များ၊ ရင်းမြစ်အားလုံးမှ ပုဂ္ဂိုလ်များနှင့် ခိုင်မာ ရှည်ကြာသည့် အဆက်အသွယ်များ တည်ဆောက်ထားသည်။

ဤအချက်သည်လည်း မီဒီယာကော်ပိုရေးရှင်း တစ်ခုဖြစ်သည့် တမ်ပို ၏ အကျိုးစီးပွားနှင့် ကိုက်ညီမှုရှိပါသည်။ သို့ရာတွင် အမှန်အကယ်၌ ထိုအရာများသည် မတူကွဲပြားသည့် အကျိုးကျေးဇူး ၂ ရပ် ရရှိစေပါသည်။ သတင်းခန်းက လျှို့ဝှက် အရင်းအမြစ်များကို လိုအပ်နေချိန်တွင် တမ်ပို ၏ ပိုင်ရှင်များက တမ်ပိုအား မီဒီယာအဖွဲ့အစည်း တစ်ခုအဖြစ် ရပ်တည်နိုင်ရေးအတွက် အဆက်အသွယ်ကောင်းများ ရှိထားရန် လိုလားနေခြင်း ဖြစ်သည်။ “၁၉၉၈ ခုနှစ်ကစပြီး စုံစမ်းထောက်လှမ်းသတင်းအကြောင်းအရာတွေ ထုတ်ဝေဖို့ ဂရုတစ်စိုက် အလေးထားဆောင်ရွက်ခဲ့တယ်။ အရင်ကတော့ ကျွန်တော်တို့ ရံဖန်ရံခါပဲ ရေးသားဖော်ပြပေမဲ့ ကျွန်တော်တို့မှာ စုံစမ်း ထောက်လှမ်း သတင်းတင်ဆက်မှုအတွက် အထူးကဏ္ဍဖွင့်ထားတာ မရှိပါဘူး” ဟု ၎င်းက ပြောကြားသည်။ စုံစမ်းထောက်လှမ်းပြီး အတွင်းကျသည့် သတင်းများကို အလေးထားရေးသားရန် ဆုံးဖြတ်

ခြင်းသည် သမ္မတဟောင်း ဆူဟာတို အာဏာကနေ ဆင်းပြီးနောက် သတင်းစီးဆင်းမှုသည် သိသိသာသာ လွတ်လပ်လာကာ အစိုးရသည် မီဒီယာများအပေါ် တင်းကြပ်မှုမရှိတော့သည့်နောက်ပိုင်း အခြေအနေပေါ် အခြေခံကြောင်း Komang က ထပ်လောင်းပြောကြားသည်။ သို့သော် လွတ်လွတ်လပ်လပ် သတင်းစီးဆင်းမှုတွေကြောင့် သတင်းမှန်နဲ့ လုပ်ကြံသတင်းတွေ ရောနှောပျံ့နှံ့လာပြီး ကို လူတွေက အဲ့ဒီ သတင်း ၂ မျိုးလုံးကို အားတက်သရော ဖြန့်ဖြူးကြသလို ဖြစ်လာပြီး "သတင်းအချက်အလက် အဓိကရုဏ်း" ဟု အမည်တပ်ရသည့်အခြေအနေသို့ ဆိုက်ရောက် လာခဲ့သည်။

ဤဝရုန်းသုန်းကားနိုင်သော အခြေအနေ၌ တမ်ပို သည် ၎င်း၏ အစဉ်အလာလမ်းကြောင်းအတိုင်း အတွင်းကျကျ သတင်းအတတ်ပညာကို အလေး ထား လိုက်နာရန် ဆုံးဖြတ်ခဲ့သည်။ "ဒီလမ်းကြောင်းကို ကျွန်တော်တို့ ဘာလို့ရွေးချယ် ခဲ့တာလဲဆိုတဲ့ အကြောင်းရင်းက ကျွန်တော်တို့အနေနဲ့ သတင်းနောက်ကွယ်က အမှန်တရားကို ဖော်ပြပေးနိုင်တဲ့ ကျွမ်းကျင်လိမ္မာမှု လုပ်ရည်ကိုင်ရည် ရှိတယ် ဆိုတဲ့ ယုံကြည်ချက်နဲ့ သတင်းလွတ်လပ်ခွင့်ကြောင့် ဒါကို ပိုမိုလုပ်ခွင့်ရခဲ့တာပါ" ဟု Komang ကပြောကြားသည်။ ဤဆုံးဖြတ်ချက်သည် တမ်ပို အနေနှင့် အင်ဒိုနီးရှားနိုင်ငံ၏ရဲ့ ထိပ်တန်း မဂ္ဂဇင်းတစ်အုပ် ဖြစ်ရသည့် အဓိက အကြောင်းရင်း ဖြစ်သည်ဟု သူက ယုံကြည်သည်။

သို့သော် ခြိမ်းခြောက်မှုများက ရှိနေဆဲ ဖြစ်သည်။ ယခင်က ဤသို့ ကြီးမားသော ကိစ္စရပ်များသည် အစိုးရထံမှသာ လာပြီး ဆူဟာတို အစိုးရ ကျဆုံးချိန်ကစ၍ တမ်ပို အား ဖိအားပေးသူများမှာ စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံရေးသမား များ ဖြစ်လာကြသည်။ အဆိုးဝါးဆုံးဖြစ်စဉ်မှာ ဂျကာတာမြို့ရှိ အကြီးဆုံး အထည်အလိပ်ဈေးတစ်ခုဖြစ်သည့် Tanah Abang ဈေးကြီးတွင် စီးပွားရေး လုပ်ငန်းရှင် Tomy Winata ၏ ပါဝင်ပတ် သက်မှုကို အသားပေးထားသည့် စုံစမ်းထောက်လှမ်းသတင်းကို ထုတ်ဝေပြီးနောက် ထိုလုပ်ငန်းရှင်က တမ်ပို အားတရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ ထိုစွပ်စွဲချက် အားလုံးကို Winata က ငြင်းဆို ခဲ့ပြီး တမ်ပိုအား အသရေဖျက်မှုနှင့် ပြန်လည်တရားစွဲခဲ့ကာ နစ်နာကြေး ရူပီး ၄၀၀ ဘီလီယံ ( ယနေ့ခေတ်ယူရို ၂၅ သန်းနှင့် ညီမျှသည်) ကို တောင်းဆိုခဲ့သည်။ ထိုအမှုသည် ရှည်လျားသည့် တရားရုံးကြားနာမှုများ၊ ဖိအားပေးခြိမ်းခြောက်မှု များအပါအဝင် – Winata ၏ လူများက တမ်ပို ဝန်ထမ်းအား ကိုယ်ထိ လက်ရောက် တိုက်ခိုက်မှုများ ကြုံခဲ့ရသည်။ Winata ၏ တရားစွဲဆိုမှုသည် တမ်ပို အားဒေဝါလီခံရမည့်အထိ ဖိအားပေးမည့်ပုံရသဖြင့် ထိုအမှုကို အောက်လွှတ်တော်၌ပင် ဆွေးနွေးခဲ့ရသည်။ နောက်ဆုံးတွင် တမ်ပိုသည် ထိုအမှုကို တရားရုံးချုပ်၌ ၂၀၀၆ ခုနှစ်က အနိုင်ရရှိခဲ့သည်။

> "ကျွန်တော်တို့အနေနဲ့ သတင်းနောက်ကွယ်က အမှန်တရားကို ဖော်ပြပေးနိုင်တဲ့ ကျွမ်းကျင်လိမ္မာမှု လုပ်ရည်ကိုင်ရည် ရှိတယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ သတင်းလွတ်လပ်ခွင့်ကြောင့် ဒါကို ပိုမိုလုပ်ခွင့်ရခဲ့တာပါ

ထိုအချိန်မှစ၍ တမ်ပို သည် ၎င်း၏ အတွင်းကျကျ၊ စုံစမ်းထောက်လှမ်း သတင်း များကြောင့် တရားစွဲဆိုမှုနှင့် အနည်းဆုံး ခြောက်ကြိမ် ရင်ဆိုင်ခဲ့ ရသည်။ "ကျွန်တော်တို့ တရားရုံးမှာ တစ်ခါမှ မရှုံးခဲ့ဘူး ( ကျွန်တော်တို့ ရဲ့စုံစမ်း ထောက်လှမ်းသတင်းနဲ့ ပတ်သက်လို့ ) ဒါပေမဲ့ ၎င်းတို့နဲ့ တရား ရင်ဆိုင်ဖို့ အချိန်တွေ၊ အားအင်တွေ အများကြီး သုံးလိုက်ရတယ်" ဟု Komang ကပြောသည်။ တမ်ပို၏ စုံစမ်းထောက်လှမ်းသတင်းများကြောင့် တရားစွဲ ခံရနိုင်ခြေ ရှိ–မရှိကို ၎င်းတို့၏ရှေ့နေများက စစ်ဆေးပေးသည်ဟု သူက ရှင်းပြသည်။ သတင်း၌ အားနည်းချက်များ ပါဝင်ပါက စုံစမ်းထောက်လှမ်း သတင်းအဖွဲ့က ပြန်လည် ပြင်ဆင်ပေးရပါသည်။ ယခင်စုံစမ်းထောက်လှမ်း သတင်းအစီအစဉ်အဖွဲ့ဝင်၊ ယခု National Section အစီအစဉ်၏ အယ်ဒီတာဖြစ်သူ Anton Seption က တမ်ပိုမှ သတင်းအကြောင်းအရာအားလုံး သည် အချက်အလက်များ စစ်ဆေးပြီး ဖြစ်သည်ဟု ဆိုသည်။ ဤစံချိန်စံညွှန်း အသုံးပြုထားသော တွေ့ဆုံမေးမြန်းခန်းများနှင့် သတင်းထောက်များထံမှ စာရွက်စာတမ်း အထောက် အထားများ၊ ဥပဒေရေးရာ အချက်အလက်များကို အယ်ဒီတာများ၊ အယ်ဒီတာချုပ်နှင့် ရှေ့နေများက စေ့စေ့စပ်စပ် စစ်ဆေးခြင်း တို့ပါဝင်ပါသည်။ တမ်ပိုသည် လိုအပ်ပါက တရားရုံးတွင် ခြေပရန် အဆင်



စုံစမ်းထောက်လှမ်းသတင်းထောက်မှ ပြည်တွင်းသတင်း အယ်ဒီတာဖြစ်လာသူ – ဗညအသည

အသင့် ပြင်ထားသည်။ ထိုကုမ္ပဏီ ရှေ့နေများအား အင်ဒိုနီးရှားနိုင်ငံ၏ Press Legal Aid Foundation က အထောက်အပံ့ပေးသည်။ "ကျွန်တော်တို့ကို တရားရုံးမှာ အခမဲ့ အကျိုးဆောင်ပေးမဲ့ ရှေ့နေတွေရှိတယ်" ဟု Komang ကပြောသည်။

## သတင်းမှာ အတိမ်းအစောင်းဖြစ်လျှင် အန္တရာယ်ပေါ်လာစေနိုင်သည်

တရားစွဲဆိုမှုများအပြင် တမ်ပိုဝန်ထမ်းများသည် မျက်နှာစိမ်းများ၏ စိတ်ပိုင်း ဆိုင်ရာ၊ ခန္ဓာပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုကို တစ်ခါတစ်ရံ ကြုံတွေ့ရသည်။ ၂၀၁၀ ခုနှစ်က ၎င်း၏ဝန်ထမ်းတစ်ဦးသည် တောခုတ် ဓားနှင့် အခုတ်ခံခဲ့ရသည်။ တစ်ခါက တမ်ပိုရုံးသည် ဓာတ်ဆီပုလင်းဗုံး ဖြင့် ပစ်သွင်းခြင်းခံရသည်။ စော်ကား နှောင့်ယှက်သည့် စာတိုပေးပို့ခြင်းကြုံရသည်။ ထိုသို့သော ကိစ္စရပ်များသည် အဆင့်မြင့်ရဲအရာရှိတစ်ချို့၏ ဘဏ်ငွေစာရင်းများ၌ အတိုင်းမသိ များပြားသည့် ငွေပမာဏ စုဆောင်း ထားသည်ကို ဖော်ထုတ်ခြင်း၊ သမ္မတနှင့် ရင်းနှီးသည့် ထိပ်တန်း နိုင်ငံရေးသမားများ၊ အင်ဒိုနီးရှားနိုင်ငံ ဘောလုံးကော်မတီ၏ အဂတိ လိုက်စားမှုများ စသည့် သတင်းများအပါအဝင် ထိလွယ်ရှလွယ်သော အကြောင်း အရာများကို မဂ္ဂဇင်းတွင် ရေးသားဖော်ပြပြီးသည့် အချိန်တွင် ဖြစ်သည်။ စုံစမ်း ထောက်လှမ်းရသည့် အလုပ်သည် အန္တရာယ်ကြီးမားသည်ကို အားလုံးသိရှိကြ သော်လည်း အကြီးတန်းသတင်းထောက်များ၏ အတွေ့အကြုံပေါ် အခြေခံ၍ သတင်းထောက်အသစ်များ တက်ရောက်ရသည့် တမ်ပို၏ သတင်းအတတ်ပညာ သင်တန်းတွင် ဘေးအန္တရာယ်ကင်းရှင်းသော သတင်းတင်ဆက်မှုဆိုင်ရာ ဗဟုသုတ ကို မကြာမီကမှ ထည့်သွင်း သင်ကြားပေးခဲ့သည်။ ယခုအချိန်ထိ မည်သို့ရှင်သန် အောင်နေထိုင်ရမည်၊ မည်သို့ ဘေးကင်းအောင်နေထိုင်ရမည် ဆိုသည့် အကြံပြုချက်များကို အန္တရာယ်ရှိသော နယ်မြေများသို့ စေလွှတ်သတင်းရယူသူများ ကို မှာကြားသည်။ "ကျွန်တော်မှတ်မိသလောက် ကျွန်တော်တို့အတွက် ထူးထူး ထွေထွေ လုံခြုံရေးသင်တန်း မရှိခဲ့ဘူး။ ဒါပေမဲ့ ကျွန်တော်တို့ သတင်းစာဆရာ တစ်ယောက်ယောက် အပြင်းအထန် ခြိမ်းခြောက်ခံရရင်တော့ တမ်ပို က လုံခြုံတဲ့ အိမ်မှာ ထားပေးပါတယ်" ဟု Septian ကပြောကြားသည်။

သတင်းထောက်များသည် ကိုယ့်နည်းကိုယ့်ဟန်နှင့် ဘေးကင်း စွာနေထိုင် ကြရသည်။ တမ်ပို နေ့စဉ်သတင်းစာ အယ်ဒီတာ ဖြစ်သူ Agung Sedayu က ၎င်းသည် စုံစမ်းထောက်လှမ်း သတင်းတစ်ပုဒ်ကို ရယူစဉ်က ၎င်းမည်သူမည်ဝါ ဆိုသည်ကို ဖုံးကွယ်ထားရန်အတွက် စစ်အခြေစိုက်စခန်းကဲ့သို့သော အထူးသဖြင့် လုံခြုံသည့်နယ်မြေများသို့ ရွှေ့ပြောင်း၊ ဌာနရမ်း နေထိုင်ရလေ့ရှိကြောင်း ရှင်းပြခဲ့ သည်။ တယ်လီဖုန်း ကြားဖြတ်နားထောင်ခြင်း၊ ဖုန်းနံပါတ်ကို ခြေရာခံခြင်းတို့မှ ကာကွယ်ရန်အတွက် ဖုန်နံပါတ်များကို တချိန်လုံးပြောင်းနေရသည်။ စုံစမ်း ထောက်လှမ်း သတင်းဖော်ပြပြီးသည့်အချိန်ဆိုလျှင် ဆံပင်ပုံစံ ပြောင်းခြင်း၊ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများထားခြင်း စသည့်နည်းလမ်းတို့ဖြင့် ရုပ်ဖျက်ရသည်။ လူမှုမီဒီယာပေါ်မှ လူ့ပုံရှားမှုများကိုလည်း ကန့်သတ်ရသည်။ "မိသားစုတွေ ဘေးကင်းဖို့အတွက် ကျွန်တော်ဒီလိုတော့ လုပ်နေရမှာပဲ။ ဒါပေမဲ့ ခုချိန်ထိတော့ ကျွန်တော်နဲ့ ကျွန်တော့်မိသားစုတွေ ကျွန်တော့်ရဲ့ သတင်းထောက်အလုပ် ကြောင့် စိတ်ထိခိုက် ခံစားရတာမျိုး မရှိသေးပါဘူး" ဟု Sedayu ကပြောကြား သည်။ စိတ်ဒဏ်ရာ ကုသပေးရန် အတွက် စိတ်ပညာရှင် တစ်ဦးအား လူ့စွမ်းအားအရင်းအမြစ်ဌာနတွင် ခန့်ထားပေးရသည်။ သူမ၏တာဝန်မှာ အချင်းချင်းပေးသည့် သတင်းပေါ် အခြေခံ၍ စိတ်အထူးကုဆရာဝန်၏ အကူအညီကိုယူရန် လိုအပ်မှုရှိ–မရှိ စစ်ဆေး ပေးရန် ဖြစ်သည်။

**"ကျွန်တော်တို့ရဲ့ အကဲခတ်မှု ရလဒ်တွေထဲက တစ်ခုအနေနဲ့ သတင်းခန်းဝန်ထမ်းတွေကို ပြီးဆုံးခြင်းမရှိတဲ့ စွမ်းရည်မြှင့်သင်တန်းတွေ စီစဉ်ပေးခြင်း ဖြစ်ပါတယ်**

အယ်ဒီတာချုပ် Komang က "တစ်ခါတစ်ရံ အခြေအနေမှာ ခြိမ်းခြောက်ခံရခြင်းမှာ သတင်းထောက်ဖက်မှ အသင်းအဖွဲ့၏ ဖွဲ့စည်းပုံနှင့် အရာရှိများ၊ သတင်းအချက်အလက် တိကျမှုနှင့် အခြားသော ကိစ္စများအပေါ် သိနားလည်မှု မရှိခြင်းကဲ့သို့သော အားနည်းချက်များကြောင့် ဖြစ်သည်" ဟုဆိုသည်။ "အားနည်းချက် အားလုံးတို့ကို သတင်းခန်းနှင့် အုပ်ချုပ်စီမံရေး အဖွဲ့တိုက အမြဲတမ်း အကဲဖြတ်လေ့ရှိသည်" ဟု ၎င်းက အတည်ပြုပြောကြားသည်။ "ကျွန်တော် တို့ရဲ့ အကဲခတ်မှုရလဒ်တွေထဲက တစ်ခုအနေနဲ့ သတင်းခန်းဝန်ထမ်းတွေကို ပြီးဆုံးခြင်းမရှိတဲ့ စွမ်းရည်မြှင့်သင်တန်း စီစဉ်ပေး ခြင်း ဖြစ်ပါတယ်" ဟု သူက ထပ်လောင်းပြောကြားသည်။"

## မျိုးဆက်သစ် ထုထောင်ခြင်း

တမ်ပို၏ သတင်းခန်းတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန်အတွက် သတင်းထောက်များသည် အပတ်စဉ်သင်တန်းများနှင့် အကြီးတန်း သတင်းထောက်များ ကွင်းဆင်း သတင်းယူသည့်အခါ သတင်းအချက် အလက်များကောက်ယူရာတွင် ကူညီပေးခြင်း အပါအဝင် ၂ နှစ်တာ အလုပ်ခွင်သင်တန်းကို တက်ရောက် ရပါသည်။ "အခြေခံအားဖြင့် ကျွန်တော်တို့ဆီမှာ သတင်းထောက်တွေအတွက် အဆင့် ၃ ဆင့်ရှိတဲ့ လုပ်ငန်းခွင်သင်တန်းရှိပါတယ်။ ပထမ ၉ လက အခြေခံသင်တန်း၊ ဒုတိယ ၉ လက အဆင့်မြှင့် သတင်းတင်ပြခြင်းနဲ့ ရေးသားခြင်း၊ နောက်ဆုံး ၆ လက ၎င်းတို့ ကျွန်တော်တို့ရဲ့ စံချိန်စံညွှန်း မှီရဲ့လားဆိုတာ စစ်ဆေးဆာ ဖြစ်ပါတယ်" ဟု Septian ကပြောသည်။ တမ်ပို အယ်ဒီတာများက အောင်မြင်စွာအကဲဖြတ်ပြီး စာတွေ့လက်တွေ့သင်တန်းအောင်မြင်သည်ဟု အသိအမှတ်ပြုကာ ၎င်းတို့အား အချိန်ပြည့်သတင်းခန်းဝန်ထမ်းအဖြစ် ခန့်အပ်ပါသည်။ ၎င်းတို့သည် စုံစမ်းထောက်လှမ်းအစီအစဉ်မှ ဝန်ထမ်းများ အခြားအစီအစဉ်များမှ လုပ်ဖော်ကိုင်ဖက်များထက် ပိုမိုစောလျှင်စွာရရှိသည့် အခွင့်အရေးဖြစ်သော အယ်ဒီတာ၏ အလုပ်ခွင်သင်တန်းသားအဖြစ်လည်း ရွေးချယ်ပိုင်ခွင့်ရှိမည် ဖြစ်ပါသည်။ Komang ၏အဆိုအရ ၎င်းတို့သည် အခြားသတင်းထောက်များထက် လစာပိုရခြင်း မရှိသဖြင့် ယင်းအခွင့်အရေးသည်သာ သတင်းထောက်များအတွက် စုံစမ်းထောက်လှမ်းသည့် အလုပ်အပေါ် အာရုံစိုက်နိုင်မည့် တန်ဘိုးကြီးမားသည့် မက်လုံးတစ်ခု အဖြစ် သက်သေထူလျက်ရှိကြောင်း ပြောကြားပါသည်။ ထို့အပြင်ထူးချွန်သည့် သတင်းစာဆရာများသည်သာလျှင် စုံစမ်းထောက်လှမ်းအဖွဲ့သို့ ပထမအဆင့်နှင့် ဝင်ရောက်လုပ်ကိုင်နိုင်မည် ဖြစ်ပါသည်။



**အတွင်းကျကျ သတင်းအတတ်အား အလေးထားခြင်း– တမ်ပို ရုံးခန်း**

© A. Septian

စုံစမ်းထောက်လှမ်းလုပ်ငန်းများအား ငွေကြေးထောက်ပံ့ရန်အတွက် စုံစမ်းထောက်လှမ်းသတင်းအစီအစဉ်သည် – ဦးဆောင်အယ်ဒီတာ တစ်ဦး၊ အယ်ဒီတာ တစ်ဦးနှင့် သတင်းထောက် ၂ ဦးတို့ ပါဝင်သည့် အဖွဲ့ အနည်းဆုံးတစ်ဖွဲ့ ပါရှိရမည်ဖြစ်ပြီး ၎င်းတို့၏ အဆိုပြုလွှာကို နှစ်တစ်နှစ် မစမီ အုပ်ချုပ်မှုအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေး၌ တင်သွင်းရပါသည်။ "လာမဲ့နှစ်အတွက် စုံစမ်းထောက်လှမ်းသတင်း ၁၂ ပုဒ် ရေးသားဖော်ပြဖို့ အစီအစဉ်ရှိပါတယ်။ ဒါပေမဲ့ ကုမ္ပဏီဘတ်ဂျက်က အစီအစဉ်နှင့် မကိုက်ဘူး ဖြစ်နေတယ်။ ကျွန်တော်တို့ စုံစမ်းထောက်လှမ်းသတင်းကို ၅ ပုဒ်၊ ၆ပုဒ် လောက်အထိ လျှော့ချရမယ်ထင်ပါတယ်" ဟု Komang ကပြောသည်။ စုံစမ်းထောက်လှမ်းသတင်းဟု တံဆိပ်တပ်နိုင်ရန် လိုအပ်သည့်စံနှုန်းများ ရှိသည် – ခေါင်းစဉ်သည် သာမန်ပြည်သူလူထု နှင့် သက်ဆိုင်မှုရှိရမည်၊ မသမာမှုများအကြောင်း သိရှိထားကြပြီး ဖြစ်၍ ကနဦးအထောက်အထား များရှိထားခြင်း၊ မသမာမှုသည် စနစ်တကျ ကြံစည်လုပ်ဆောင်မှုဖြစ်ခြင်း၊ လူမှောင်ခိုမှု၊ အဂတိလိုက်စား မှု သို့မဟုတ် အကြီးစား လူ့အခွင့်အရေး ချိုးဖောက်မှုများ ကဲ့သို့သော သက်ရောက်မှုကြီးမားသည့် ကိစ္စများဖြစ်ရပါမည်။ လိုအပ်ချက် စံနှုန်းများကို အယ်ဒီတာ၏ အတွေ့အကြုံအရ သတ်မှတ်ထားခြင်း ဖြစ်သော်လည်း ၎င်းတို့၏ သတင်းထောက်များ နိုင်ငံတကာ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြန်လည်တင်ပြလာသည့် စုံစမ်း ထောက်လှမ်းသည့် နည်းလမ်းများကိုလည်း လိုက်နာကျင့်သုံး၍ ရေးသားထား ခြင်းဖြစ်ပါသည်။

**"စိတ်ဒဏ်ရာ ကုသပေးရန်အတွက် စိတ်ပညာရှင် တစ်ဦးအား လူ့စွမ်းအားအရင်းအမြစ်ဌာနတွင် ခန့်ထားပေးသည်။ သူမ၏တာဝန်မှာ အချင်းချင်းပေးသည့် သတင်းအချက်အလက်တွေပေါ် အခြေခံ၍ စိတ်အထူးကုဆရာဝန်၏ အကူအညီယူရန် လိုအပ်မှုရှိ–မရှိ စစ်ဆေး ပေးရန် ဖြစ်သည်။**




စုံစမ်းစစ်ဆေးမှုသတင်းထုံးစံပေါ် ကြရှည် ရပ်တည်ခြင်း - တမ်ပို သတင်းထောက်များ

## အတင်းအဖျင်းနှင့် စုံစမ်းထောက်လှမ်းမှုများ တွေ့ကြရာဝယ်

၁၉၇၀ နှစ် အစောပိုင်းကတည်းက တမ်ပို ကပေးသည့် "သတင်း နောက်ကွယ်မှ ဖြစ်ရပ်များ" အယူအဆသည် အင်ဒိုနီးရှား ပရိတ်သတ်၊ အထူးသဖြင့် အလယ်လတ်လူတန်းစားများ၏ အားပေးမှုကို ရရှိခဲ့သည်။ လူအချို့က တမ်ပိုအား အတင်းဖျင်းပြောသည့် မဂ္ဂဇင်း ဟုပင် ရှုမြင်ခဲ့ကြသည်။ အဘယ်ကြောင့်နည်း။ တမ်ပို သည် အထက်တန်းလွှာများ၏ ချမ်းသာမှု၊ နိုင်ငံရေးတွင် ပါဝင်မှု၊ ၎င်းတို့မှ အချို့သောသူများက ဇနီးမယားမည်မျှရှိနေသည် စသည့် ၎င်းတို့၏ ဖုံးကွယ်မှုများကို ဖော်ထုတ်ပေးသောကြောင့် ဖြစ်သည်။ စာဖတ်သူ များက အထင်ကရပုဂ္ဂိုလ်များ၏ အသက်ရှင်သန်ပုံကို သိချင်ကြသည်။ ဤသို့သောသတင်းများကြောင့် တမ်ပိုသည် အင်ဒိုနီးရှားစာဖတ်သူများ ကိုဖမ်းချုပ်နိုင်ခဲ့သည်။ ယခုလိုအချိန်အခါမျိုးတွင် အစိုးရ သို့မဟုတ် စစ်တပ်ပါဝင်သည့် လူအများမဖော်ထုတ်ရဲသည့်သတင်းများကို သတင်း တင်ဆက်ပေးရဲသည့် ခိုင်မာသောပြိုင်ဘက်သည် မဂ္ဂဇင်းဈေးကွက် တွင် မရှိသေးပါ။

> **"၁၉၇၀ နှစ်များ အစောပိုင်းကတည်းက တမ်ပို ကပေးသည့် "သတင်းနောက်ကွယ်မှ ဖြစ်ရပ်များ" အယူအဆသည် အင်ဒိုနီးရှား ပရိတ်သတ်၊ အထူးသဖြင့် လူလတ်တန်းစားများ၏ အားပေးမှုကို ရရှိခဲ့သည်။ လူအချို့က တမ်ပို အား အတင်းအဖျင်းပြောသည့် မဂ္ဂဇင်းဟုပင်ရှုမြင်ကြသည်။**

တမ်ပို သည် ပုံမှန်မှာယူသူများနှင့် ကြော်ငြာများမှ အမြတ်အစွန်း များကို အံ့ဘွယ်အရှိန်အဟုန်ဖြင့် ရရှိလာသည်။ ဆယ်စုနှစ် တစ်ခုအတွင်း ၎င်းသည် အင်ဒိုနီးရှားနိုင်ငံတွင် အချမ်းသာဆုံး မီဒီယာ ကုမ္ပဏီတစ်ခု ဖြစ်လာသည်။ ၁၉၈၆ ခုနှစ်တွင် ၎င်းတို့သည် ၉ ထပ်အဆောက်အဦးတစ်ခုကို ဝယ်ယူကာ ဂျကာတာမြို့၏ ဆင်ခြေဖုံး ရပ်ကွက်မှ စီးပွားရေးမြို့တော်၏ အချက်အခြာကျသော နေရာသို့ ပြောင်းရွှေ့ခဲ့သည်။ ၁၉၉၈ ခုနှစ်၊ တမ်ပို ကိုပြန်လည်တည်ထောင်ခဲ့စဉ်က တမ်ပို သည် အင်ဒိုနီးရှားနိုင်ငံတွင် အဆင့်-၁ နေရာ၌ ရပ်တည် လျှက်ရှိကြောင်း Komang ၏အဆိုအရ သိရှိရသည်။ သို့သော် ဈေးကွက်တွင် ဝင်ငွေရရှိမှုနှင့်စပ်လျဉ်း၍ ၎င်းသည် နေ့စဉ်ထုတ်သတင်းစာများ၊ ရုပ်သံလွှင့်နှင့် အွန်လိုင်းမီဒီယာများထံမှ ကြောက်မက်ဖွယ်ယှဉ်ပြိုင် မှုများကို ကြုံတွေ့ရသည်။

> **"သို့ရာတွင် ကုမ္ပဏီအား သာ၍သေလောက်သော ခြိမ်းခြောက်မှု တစ်ခုရှိသည် - ကြော်ငြာရှင်များက တမ်ပို တွင်ကြော်ငြာမထည့်ရန် ဆန္ဒပြကြသည်။**

၂၀၀၄ ခုနှစ်မှစတင်၍ မကောင်းသောပုံရိပ်ဖြင့် မဂ္ဂဇင်းတွင် ဖော်ပြခံရသူများ၊ ထိခိုက်နစ်နာသူများသည် ပြန်လည်၍ သပိတ်မှောက် ခဲ့ကြသည်။ ထိုသို့ဖြစ်ရသည့် အကြောင်းရင်းကို အယ်ဒီတာများက စဉ်းစားမရ ဟု Komang ကပြောသည်။ သို့သော် အဓိကအချက်နှစ်ချက်အပေါ် ၎င်းကသံသယရှိသည် - ပထမအချက် အနေနှင့် အင်ဒိုနီးရှားတွင် စာနယ်ဇင်းထုတ်ကုန်အား ကန့်ကွက်လိုသူက အသရေဖျက်မှုနှင့် ပြန်လည်တရားစွဲဆိုပိုင်ခွင့် ပေးထားသော ပြစ်မှုဆိုင်ရာ ဥပဒေနှင့် အင်ဒိုနီးရှားနိုင်ငံ၏ စာနယ်ဇင်းဥပဒေတို့၏ ဘောင်အတွင်းမှသာ စာနယ်ဇင်းသမားကရေးသားခွင့်ရှိသည်။ ဒုတိယအချက် အနေနှင့် သမ္မတ ဆူဟာတို ကျရှုံးပြီးနောက် စာနယ်ဇင်း အပါအဝင် ထိုစနစ်အား စည်းကမ်း ထိန်းသိမ်းမည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း တစ်ခုမှ မရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။ ယင်းက ငွေကြေးနှင့် ဩဇာလွှမ်းမိုးမှုရှိသော ပုဂ္ဂိုလ်များအနေနှင့် ဥပဒေအဖွဲ့အစည်းများအား ကြိုးကိုင်ထားခြင်းဖြင့် စာနယ်ဇင်းများအား ဖိနှိပ်ရန်အခွင့် အရေးများ ဖန်တီး ပေးသည်။

သို့ရာတွင် ကုမ္ပဏီအတွက် သာ၍ဆိုးဝါးသော ခြိမ်းခြောက်မှုတစ်ရပ် ရှိသည် - ကြော်ငြာရှင်များက တမ်ပို တွင်ကြော်ငြာမထည့်ရန် သပိတ် မှောက်ခြင်းဖြစ်သည်။ ယင်းတို့တွင်

အစိုးရပိုင် ရေနံကုမ္ပဏီဖြစ်သော Pertamina နှင့် အစိုးရပိုင် အကြီးဆုံးဘဏ်ဖြစ်သည့် Bank Mandiri များကဲ့သို့သော ကုမ္ပဏီကြီးများ ပါဝင်လေရာ အကျိုးအမြတ် ရှုပြီး ဘီလီယံနှင့်ချီ၍ ဆုံးရှုံးခဲ့သည်။ သို့တိုင်အောင် ဒါရိုက်တာအဖွဲ့သည် သတင်းခန်းအား ၎င်းတို့၏ အယ်ဒီတာပိုင်းဆိုင်ရာမူဝါဒကို ဖြေလျှော့ပေးရန် မည်သည့် အခါမျှမတိုက်တွန်းခဲ့ပါ။ တမ်ပို အားတည်ထောင်သူ များနှင့် ရင်းနှီးမြှုပ်နှံသူများအကြား ထားရှိခဲ့သည့် ထိုကနဦးသဘောတူညီချက်ကို ၁၀ စုနှစ် ငါးခုနီးပါး ဆုပ်ကိုင်ထားခဲ့သည်။ ပိုင်ရှင်များနှင့် အုပ်ချုပ်မှုအဖွဲ့များ ပြောင်းလဲခဲ့သည့်တိုင်အောင် သတင်းခန်း၏လွတ်လပ်ခွင့်ကို တည်ထောင်သူများဖြစ်ကြသည့် Goenawan Mohamad နှင့် Fikri Jufri, အယ်ဒီတာချုပ်ဟောင်းများ ဖြစ်ကြသော Bambang Harymurti နှင့် Toriq Hadad တို့ ကဲ့သို့သော စာနယ်ဇင်း လောက၏ကျောထောက်နောက်ခံများဖြစ်သော ပုဂ္ဂိုလ်များ ပါဝင်သည့် ဒါရိုက်တာအဖွဲ့နှင့် အုပ်ချုပ်မှုအဖွဲ့တို့က ကာကွယ် ထားကြသည်။

> “တမ်ပို သတင်းခန်း၏ ကဏ္ဍတိုင်းမှ သတင်းစာဆရာများအား ၎င်းတို့၏နေ့စဉ်လုပ်ငန်း၌ စုံစမ်းထောက်လှမ်းသည့် နည်းလမ်းကို အသုံးပြုကြရန် တိုက်တွန်းသည်။

Komang ၏အဆိုအရ ၎င်းတို့၏ အွန်လိုင်း စင်မြင့်ဖြစ်သည့် Tempo.com မှ စုံစမ်းထောက်လှမ်းသတင်းအကြောင်းအရာများ ထုတ်ဝေခြင်းအပါအဝင် ဝင်ငွေ လျော့နည်းသွားခြင်းကို ဖြေရှင်းမည့် နည်းလမ်းမျိုးစုံကို သတင်းခန်းက အဆိုပြု တင်ပြခဲ့ကြသည်။ ယင်းကို အွန်လိုင်းမှ ပုံမှန်ဝယ်ယူဖတ်ရှုသူများ ရရှိစေရန် ပထမခြေလှမ်းအနေနှင့် ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့သည်။ ယင်းနောက် တမ်ပို သည် အွန်လိုင်းပေါ်တွင် စုံစမ်းထောက်လှမ်းသည့်သတင်းတစ်ပုဒ် တင်လိုက် တိုင်း ကြည့်ရှုသူသန်းနှင့်ချီ၍ ရရှိကြောင်း သတိထားမိလာခဲ့သည်။ “အခုအခါ ပျမ်းမျှအားဖြင့် Tempo.com ပေါ်မှာ ဖတ်ရှုသူ သန်း ၁၀၀ ကျော်တယ်” ဟု Komang ကအတည်ပြုပေးခဲ့သည်။ တမ်ပို၏ မူဝါဒနှင့်အညီ စီးပွားရေး လုပ်ငန်း ပုံစံအသစ် တွေ့ရှိရန် ၎င်းသည် မျှော်လင့်ချက်ဖြစ်သည်။ စုံစမ်းထောက်လှမ်း သတင်းထုတ်ဝေမှုကို ဦးစားပေးခြင်းဖြင့် သတင်းဌာန၏ ဝင်ငွေရရှိမှုသည် အွန်လိုင်းမှ ပုံမှန်မှာယူဖတ်ရှုခြင်းနှင့် အသင်းဝင်ဖြစ်ခြင်း အပေါ်မူတည်ပါသည်။ “ကျွန်တော်တို့က ကြိုးစားနေဆဲပါ။ ကျွန်တော်ကြားသိရတာက New York Times မှာ အသင်းဝင်ဖြစ်မှု ကရရှိတဲ့ဝင်ငွေက ကြော်ငြာဝင်ငွေကို ကျော်တက် သွားတယ်လို့ သိရပါတယ်။ ကျွန်တော်တို့ အဲဒီလိုလုပ်နိုင်ရင် လွတ်လပ်ခွင့် ပိုရလာကြမယ်’ ဟု ၎င်းက ပြောသည်။

## ရိုးရာဓလေ့ကို ကျယ်ပြန့်စေခြင်း

တမ်ပို သတင်းခန်း၏ ကဏ္ဍတိုင်းမှ သတင်းစာဆရာများအား ၎င်းတို့၏ နေ့စဉ် လုပ်ငန်း၌ စုံစမ်းထောက်လှမ်းသည့်နည်းလမ်းကို အသုံးပြုကြရန် တိုက်တွန်း သည်။ ၂၀၁၂ ခုနှစ် အနုပညာပိုင်း အစီအစဉ်မှ သတင်းထောက် တစ်ဦးဖြစ်သူ Agung Sedayu က နာမည်ကျော်ပန်းချီပြခန်းများတွင် ပန်းချီကားအတုများ များစွာရှိသည်ကို သံသယ ရှိသည့်အတွက် ၎င်းအား ထိုအကြောင်းအရာကို ထဲထဲဝင်ဝင် စုံစမ်းဖော်ထုတ်ရန် တာဝန်ပေးခြင်း ခံရသည်ဟုဆိုသည်။ “ကျွန်တော်အနေနဲ့ အနုပညာပိုင်းအစီအစဉ်က သတင်းစာဆရာတွေ၊ တခြား ကဏ္ဍအသီးသီးက သတင်းထောက်တွေနဲ့အတူတူ အလုပ်လုပ်ပါတယ်။” ဟု သူကရှင်းပြသည်။ “ကျွန်တော်က ပန်းချီကားအရောင်းအဝယ်လုပ်သူအဖြစ်နဲ့ ပန်းချီကားအတု လောကထဲကို ဟန်ဆောင်ဝင်ရောက်ခဲ့တယ်။” ဤနည်းဖြင့် ပန်းချီကား အတုများကို အင်ဒိုနီးရှားနိုင်ငံရှိ ပန်းချီပြခန်းများသို့ ပန်းချီကား တစ်ချပ်လျှင် ယူရိုငွေ ၆၁၈၀ နှင့်ညီမျှသည့် ရူပီး သန်း၁၀၀ နှင့်ရောင်းချကြ သည်ကို တွေ့ရှိခဲ့သည်။ သတင်းဦးသတင်းထူးရရှိစေရန် သူသည် အနုပညာရှင် များ၊ ကုန်သည်များနှင့် တွေ့ဆုံကာ ကမ္ဘာကျော်ပန်းချီကားများ၏ ရေးဆွဲဟန်ကို မည်ကဲ့သို့ တုပကြကြောင်း ဆက်လက်ဖော်ပြခဲ့သည်။ ယင်းနောက် ထိုပန်းချီကားများသည် အဘယ်မည်သောနာမည်ကျော် ပန်းချီဆရာ၏ လက်ရာသစ်ဖြစ်ကြောင်း ပြောဆိုကာ ရလဒ်များကိုပြခန်းများသို့ ရောင်းချခဲ့သည်။

တမ်ပိုသည် စုံစမ်းထောက်လှမ်းသတင်းတင်ပြခြင်း၏ ရိုးရာနှင့် နည်းလမ်းများကို အခြားမီဒီယာများသို့လည်း ဝေမျှပေးပါသည်။ “တမ်ပို နှင့်အတူ စုံစမ်း ထောက်လှမ်းခြင်း” အစီအစဉ်သည် အင်ဒိုနီးရှားရှိ အခြားမီဒီယာများမှ သတင်းထောက်များအား သက်ဆိုင်ရာခေါင်းစဉ်များ ကိုစုံစမ်းထောက်လှမ်း ချိန်တွင် ပူးပေါင်းကူညီရန် တွန်းအားဖြစ်စေသည်။ ထိုအစီအစဉ်သို့ ပူးပေါင်း ပါဝင်လိုပါက သတင်းခေါင်းစဉ်များကို အဆိုပြုတင်ပြ ပေးရသည်။ ရွေးချယ် ခံရသည့် သတင်းထောက်များအား စုံစမ်းထောက်လှမ်းအဖွဲ့နှင့် မချိတ်ဆက်ပေးမီ စီနီယာများက လေ့ကျင့်သင်ကြားပေးသည်။ ထိုအစီအစဉ်ကို တမ်ပိုအဖွဲ့အစည်း၊ နိုင်ငံတကာသုတေသနနှင့် မီဒီယာအဖွဲ့အစည်းများ၊ မီဒီယာဖွံ့ဖြိုးရေးအဖွဲ့အစည်း များက ရန်ပုံငွေထောက်ပံ့ပေးပြီး၊ တမ်ပို မှ အယ်ဒီတာများက စောင့်ကြည့်ကာ စုံစမ်းထောက်လှမ်းမှု ကာလအတွက် ငွေကြေး ထောက်ပံ့ပေးသည်။

ဤအစီအစဉ်မတိုင်မီကတည်းကပင် အခြားမီဒီယာများနှင့် ပူပေါင်းဆောင်ရွက်မှု များ ရှိခဲ့သည်။ The Reporter from Taiwan နှင့်ပူးပေါင်းကာ ထိုင်ဝမ် သင်္ဘော များပေါ်တွင် အင်ဒိုနီးရှားလုပ်သားများအား ကျွန်ပြုသည့် သတင်းများကို စုံစမ်းဖော်ထုတ်ခြင်းမျိုး ဆောင်ရွက်ခဲ့သည်။ တမ်ပိုသည် Malaysiakini နှင့်လည်း ပူးပေါင်းကာ မလေးရှားနိုင်ငံတွင် အင်ဒိုနီးရှားအမျိုးသမီးလုပ်သား များအတွက် လူမဆန်သည့် လုပ်ငန်းခွင်အခြေအနေကို ဖော်ထုတ်ခဲ့သည်။ အဆိုပါသတင်းဌာန သည် “Panama Papers” ကို ဖြန့်ဖြူးခဲ့သည့် နိုင်ငံတကာ ကွန်ရက်၏ တစ်စိတ် တစ်ပိုင်း ဖြစ်ပါသည်။ ထို့အပြင် မကြာသေးမီက တမ်ပိုသည် သတင်းပေးများ ပေါက်ကြား သည့် စာရွက်စာတမ်းများလုံခြုံစွာသိမ်းဆည်းရန် အွန်လိုင်းစင်မြင့် တစ်ခုဖြစ်သော Indonesialeaks ကို တည်ထောင်ရာတွင် အခြားမီဒီယာများနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့သည်။

## အနာဂတ်

တမ်ပို သတင်းခန်းမ၏ ခိုင်မာသည့်အခြေနေရပ်ကို ကြည့်ခြင်းဖြင့် ၎င်း၏ တည်ထောင်သူများကစတင်ခဲ့သည့် စုံစမ်းထောက်လှမ်းသတင်း တင်ဆက်သည့် အလေ့အထသည် ရေရှည်ဆက်လက် တည်ရှိနေမည်ဟု ယူဆနိုင်ပါသည်။ စီးပွားရေးအရ အင်ဒိုနီးရှားနိုင်ငံရှိ မီဒီယာကော်ပိုးရေးရှင်းများ ကဲ့သို့ပင် တမ်ပို သည်ကျဆင်းလျက်ရှိသည်။ သို့ရာတွင် ကော်ပိုရေးရှင်း ရှင်သန်ရေးကို အထောက် အကူဖြစ်စေရန် ဆန်းသစ်တီထွင်သော အတွေးအခေါ်များနှင့် ကြိုးပမ်းမှုများ ရှိနေပါသည်။ “ကျွန်တော်တို့ အခုလုပ်ကိုင်ဆောင်ရွက်မှုရဲ့ ရလဒ်ကို သိရှိဖို့ ကျွန်တော်တို့ကို ဒီနေ့ချင်းတွင်း ဆုံးဖြတ်လို့ မရသေးပါဘူး။ ဒါကို မကြာခင် တွေ့ရမှာပါ။ ဒါပေမဲ့ ရှင်းရှင်းပြောရရင် ကျွန်တော်တို့ ရဲ့ စုံစမ်းထောက်လှမ်း သတင်းတင်ဆက်မှုကို ပြောင်းလဲဖို့ ဘယ်တုန်းကမှ မရည်ရွယ်ခဲ့ဘူး။ ဒါက တမ်ပို ဖြစ်နေလို့ပါပဲ။ သတင်းလွတ်လပ်မှု၊ ဖြောင့်မတ်တည်ကြည်မှုတို့က ကျွန်တော်တို့ ကာကွယ်ထိုက်တဲ့ အရာတွေဖြစ်တယ်” ဟု Komang ကပြောပါသည်။”



စာရေးသူ

Zaky Yamani သည် အင်ဒိုနီးရှား အခြေစိုက် အလွတ်တန်း သတင်းစာဆရာနှင့် အယ်ဒီတာတစ်ဦးဖြစ်ပါသည်။ သူသည် ဝတ္ထုနှစ်ပုဒ် ထုတ်ဝေခဲ့ သည်။ တစ်ပုဒ်မှာ – “မိသားစု၊ သွေးနှင့် အမွေခံရသော အပြစ်” ဖြစ်ပါသည်။

## အကျဉ်းချုပ်
# သတင်းထူးများကိုထိန်းထားနိုင်ခြင်း

ဤစာအုပ်တွင် စုံစမ်းထောက်လှမ်းမီဒီယာ အမျိုးအစားမျိုးစုံပါဝင်ပြီး ၎င်းတို့တစ်ခုစီတွင် ပြိုင်ဘက်ကင်းသောသမိုင်းကြောင်း၊ စိတ်ဓါတ်နှင့် အဖွဲ့အစည်းဆိုင်ရာယဉ်ကျေးမှုတို့ပါဝင်ပါသည်။ သို့သော် ၎င်းတို့တွင် တူညီသောအချက်များစွာရှိသည်။ – စဉ်ဆက်မပြတ် မိမိတို့ခြေထောက်ပေါ် ရပ်တည်လျက် မိမိတို့၏မီဒီယာသည် ရေရှည်ရပ် တည်ရန်အလားလာရှိမှု ၊ အရည်အသွေးရှိခြင်းနှင့် ကျင့်ဝတ်သိက္ခာ နှင့်ပြည့်စုံသော မီဒီယာအဖြစ် သေချာမှုရှိစေရန် နည်းလမ်းအသစ်များကို ကြိုးပမ်းရှာဖွေခြင်း၊ ဤနေရာတွင် မိမိတို့၏ပရိတ်သတ်များနှင့် ယုံကြည်မှုတည်ဆောက်ခြင်း၊ မည်သည့် စာဖတ်ပရိတ်သတ်များသည် သစ္စာရှိသော လူ့အသိုက်အဝန်းတစ်ခုကို တည်ဆောက် နေကြောင်းသိရှိခြင်းနှင့် ဖြစ်နိုင်သမျှ ဒစ်ဂျစ်တယ်နည်းပညာနှင့် လုပ်ငန်းစဉ်များကို ၎င်းတို့၏ အလုပ်ထဲသို့ပေါင်း စည်းခြင်းစသည့် လုပ်စရာများ ၎င်းတို့တွင်ရှိသည်။ ယင်းသည် နောက်ထပ်အခြေခံ ကျသောရပ်တည်နိုင်သောပါဝင်မှု ဖြစ်သည်၊ – လွန်စွာအားကောင်းသော အမှတ်တံဆိပ်သည်၎င်းတို့၏ DNA မရှိမဖြစ်အစိတ်အပိုင်း စုံစမ်း ထောက်လှမ်းသတင်းအတတ် ပညာဖြစ်စေသည်။

### ဤစာအုပ်တွင်ပါရှိသည့် စုံစမ်းထောက်လှမ်းမီဒီယာ

**ဈေးကွက်များကိုဗျူဟာကျကျခွဲခြမ်းစိတ်ဖြာပါ။ :** ၎င်းတို့၏ဈေးကွက်မှ မည်သည်ကို ပေးနိုင်သည်၊ မည်သည့်နေရာတွင် ချုပ်ချယ်ကန့်သတ်မှုရှိသည်၊ ၎င်းတို့လုပ်ငန်းအတွက် ဘဏ္ဍာရေး၊ ဥပဒေအရခြိမ်းခြောက်မှုများနှင့် အရည်အချင်းရှိသောဝန်ထမ်းများ စသည့် အချက်များအရ အကြီးဆုံးအန္တရာယ်များကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းရမည်၊ စသည်တို့ကို ကြည့်လေ့ရှိ သည်။

**စီးပွားရေးအတွက် မိမိကိုယ်ကိုရင်းနှီးမြှုပ်နှံထားသူများနှင့် ပူးပေါင်းပါ။** Rappler, Atlatszo.hu နှင့် Tempo တို့သည် ၎င်းတို့၏အချိန်ပမာဏအများအပြားကို – အားလုံးမဟုတ်လျှင်ပင် – ၎င်းတို့၏လုပ်ငန်းခွင်တွင်နေထိုင်ခြင်းက ငွေကြေးများစွာရရှိရန် အသုံးပြုကြသည့် စံနမူနာ မီဒီယာဌာနများ ဖြစ်ပါသည်။

**ပူးပေါင်းဆောင်ရွက်မှုကို ကြိုးစားရှာဖွေပါ။ :** Tempoသည် အိမ်နီးချင်းနိုင်ငံများရှိ အခြားသတင်းမီဒီယာများနှင့် ပူးပေါင်း၍ စုံစမ်းထောက်လှမ်းမှု ဆောင်ရွက်ထားပြီးဖြစ်သည်။ Rappler သည်လည်း အချက်အလက်–စစ် ဆေးရေးအအေဂျင်စီနှင့် လက်တွဲထားပြီး ဖြစ်သည်။ Agência Pública သည်လည်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ သို့မဟုတ်နိုင်ငံ တကာမီဒီယာနှင့် ပုံမှန်ပူးပေါင်းလေ့ရှိပြီး အလုပ်တွင်မြှုပ်နှံထားသော မီဒီယာဆက်ဆံရေးအရာရှိလည်းရှိသည်။

**မိမိ၏စံချိန်စံညွှန်းနှင့်ကိုက်ညီသော အလုပ်တွင် မိမိကိုယ်ကို ရင်းနှီးမြှုပ် နှံသော အလှူရှင်များ၊ စပွန်ဆာများနှင့်ပူးပေါင်းပါ။** FrontPageAfrica သည် အရည်အသွေးရှိသောသတင်းများကြောင့် လိုက်ဘေးရီးယားရှိ အကြီးဆုံးတယ်လီကွန် (ရေဒီယိုကြေးနန်း ဆက်သွယ်ရေး) အော်ပရေတာကို ကြော်ငြာရှင်အဖြစ် ဆွဲဆောင်နိုင်ခဲ့သည်။ Plaza Pública အား တက္ကသိုလ်မှ လက်ခံပေးထားသည်။ Premium Times သည် နိုင်ငံတကာ အလှူရှင်များဆီမှ ရန်ပုံငွေကိုဆွဲဆောင်နိုင်ရန် အကျိုးအမြတ်အတွက် မဟုတ်သော သတင်းခန်းကို ဖန်တီးထားပြီးဖြစ်သည်။

**စွမ်းဆောင်ရည်တည်ဆောက်မှုတွင် ရင်းနှီးမြှုပ်နှံပါ။ :** Tempo, Rapplerနှင့် Mada Masr တို့သည် စုံစမ်းထောက်လှမ်း သတင်းအစီရင်ခံခြင်းနှင့်သတင်းစာပညာ စံချိန်စံညွှန်းများနှင့်ပက်သက်ပြီး ၎င်းတို့၏ဝန်ထမ်းများကို လေ့ကျင့်ပေးနေပါသည်။

**၎င်းတို့၏ပရိတ်သတ်များနှင့် အပြန်အလှန်ဆက်သွယ်မှုရှိခြင်း နှင့် လမ်းကြောင်းသစ်များမှ ရေးသားထုတ်ဝေရန် လက်တွေ့ ပြုလုပ်ခြင်း – KRIK** သည်၎င်းတို့၏ဝက်ဆိုဒ်တွင် ဓါတ်ပုံအစား ပုံဆွဲခြင်းကို အစားထိုး အသုံးပြုနေပါသည်။ Mada Masr သည် ၎င်းတို့၏စုံစမ်းထောက်လှမ်းချက်များကို ဟင်းချက်နည်းများ၊ ဘဝအစိတ် အပိုင်းများနှင့် အပြောပါးနပ်သော ဟာသများနှင့် ရောနှောတင်ပြ လေ့ရှိပြီး Agência Pública သည် ရီယိုဒီဂျနေရိုမြို့ရှိ အိုလံပစ်အားကစားရုံ တည်ဆောက်မှုတွင် နေအိမ်ဆုံးရှုံးသွားကြသော မိသားစုများ၏ အကျပ်အတည်းကို အလေးပေးဖော်ပြရန် တုန့်ပြန်မှုရှိသော ဝက်ဆိုဒ်ကို စတင်ဆောင်ရွက်သည်။

**နည်းပညာကိုမိမိတို့အလုပ်၏ခွဲထုတ်၍မရသောအစိတ်အပိုင်းအဖြစ်ထားရှိပါ။** သုသေသနနည်းပညာ သို့မဟုတ် ဖြန့်ချိရေး နည်းလမ်းဖြစ်နိုင်သည်။ Rappler သည် အွန်လိုင်းလှုံ့ဆော်မှုကို စတင်စုံစမ်းနေပါပြီ။ Mada Masr သည် အာဏာပိုင်းများမှ ၎င်းတို့ကိုပိတ်လိုက်သော်လည်း ဖေ့ဘွတ်စာမျက်နာနှင့် VPNမှတဆင့် သတင်းဆက်လက်ရေးသားတင်ပြလျှက်ရှိသည်။

**ပရိတ်သတ်နှင့် အပြန်အလှန်ဆက်ဆံပြီး အသိုက်အဝန်း တည်ဆောက်ပါ။** သတင်းအချက်အလက်ပံ့ပိုးပေးခြင်းအားဖြင့် စုံစမ်းထောက်လှမ်းရန် ကူညီပေးသည်။ မီဒီယာခြိမ်းခြောက်ခံရမှုရှိ သောအခါ ကန့်ကွက်ဆန္ဒပြပေးသည်။ ၎င်း၏ထုတ်ကုန်များအတွက် ပေးချေပေးသည် သို့မဟုတ် Atlatszo.hu ကဲ့သို့ ကိစ္စရပ်မျိုးရှိလာလျှင် ရန်ပုံငွေစုဆောင်းခြင်းမှတဆင့် ငွေကြေးအရကူညီပေးသည်။ ဤအရာ များအားလုံးတည်ဆောက်ရန် အယ်ဒီတာများစွာနှင့် မီဒီယာပိုင်ရှင် များစွာတို့သည် ၎င်းတို့၏ ယခင်အလုပ်အပြင်၊ လက်ရှိ မီဒီယာလုပ်ငန်း မှာပါ ဖွဲ့စည်းပုံဆိုင်ရာပုံစံများကိုတည်ဆောက်လျက် ဗဟုသုတ နှင့် အဆက်အသွယ်များစုဆောင်းခြင်းအားဖြင့် နှစ်ပေါင်းများစွာ အချိန်ယူ ခဲ့ပြီးဖြစ်သည်။ ယင်းတို့အနက် မည်သည့်အချက်ကမျှ မလွယ်ကူပါ။ သို့သော် သတင်းစာပညာ၊ စီမံခန့်ခွဲမှုစဉ်းစားဉာဏ်နှင့် တီထွင်ဖန်တီးမှုတို့ကို မှန်ကန်စွာပေါင်းစပ်ခြင်းဖြင့် ထူးခြားကောင်းမွန် သောကိစ္စရပ်များ ဖြစ်လာပါတော့သည်။



DWAkademie

@dw_akademie

dw.com/newsletter-registration

dw.com/mediadev

DW Akademie သည် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျာမနီနိုင်ငံ၏ ဦးဆောင်အဖွဲ့အစည်းဖြစ်ပြီး Deutsche Welle ၏ ပညာရေးနှင့် အသိပညာဖလှယ်ရေးအတွက် စင်တာဖြစ်သည်။ဂျာမနီနိုင်ငံ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှု ဖက်ဒရယ်ဝန်ကြီးဌာန၏ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်သူအနေနှင့် ကျွန်ုပ်တို့သည်လူသားအားလုံး၏ အခွင့်အရေးဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေး၊ ပညာရေးနှင့် ရပိုင်ခွင့်ရှိရေးတို့ကို ခိုင်မာစေရန် ကြိုးပမ်းပါသည်။

Akademie

*Made for minds.*

dw-akademie.com